# ဇန်နဝါရီလ ၂၀၁၈ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၂၉ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၄၅ ဦး အကျဉ်းကျခံနေရပြီး တက်ကြွ လှုပ်ရှားသူ ၅၁ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၃၃ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။



တရားစွဲခံရသည့် အောင်ကိုကိုလွင် ဖေ့စ်ဘုတ် အကောင့်ပိုင်ရှင် / ဉာဏ်စိုးဝင်း / ဧရာဝတီ

ဓာတ်ပုံ ဧရာဝတီ
ဇန်နဝါရီလ ၂၀၁၈ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

# မာတိကာ

နိုင်ငံရေးအကျဉ်းသားများ......3

- ဖမ်းဆီးခံရခြင်းများ......3
- တရားစွဲဆိုခံရခြင်းများ......5
- တရားရင်ဆိုင်ရခြင်းများ......8
- ထောင်မှလွတ်မြောက်မှုများ......10
- နိုင်ငံရေး အကျဉ်းသားဟောင်းများ......12

နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ......13

ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ......26

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ......27

အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links......29

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ဖမ်းဆီးခံရခြင်းများ

**ဦးပါမောက္ခလွှတ်ပေးရေးအတွက် တစ်ကိုယ်တော် ဆန္ဒပြသူကို ဖမ်းဆီး**

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ပိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှ နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် ဖမ်းဆီးခြင်းခံထားရသော မကွေးဆရာတော် ဦးပါမောက္ခကို ချက်ချင်း ပြန်လွှတ်ပေးရေး အတွက် တစ်ကိုယ်တော် ဆန္ဒပြခဲ့သော သာကေတ မြို့နယ်မှ ကိုမောင်မောင်ဇင်ကို ဖမ်းဆီးခဲ့ပြီး ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့ ထံသို့ လွှဲပြောင်းပေးခဲ့သည်။ ဗဟန်းမြို့မ ရဲစခန်းမှ ကိုမောင်မောင်ဇင် အားငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် လည်းကောင်း၊ နိုင်ငံတော်အလံ အက်ဥပဒေ၊ ပုဒ်မ ၆ ဖြင့် လည် ကောင်း အမှုဖွင့်ခဲ့သည်။ ကိုမောင်မောင်ဇင်သည် နိုင်ငံတော်အလံကို သူ၏ ခါးတွင်ပတ်ကာ ကြယ်ပွင့်နေရာတွင် ဦးပါမောက္ခကို ချက်ချင်း လွှတ်၊ အစိုးရ ကံကြီးထိုက်ပြီ စသည့် စာသားများကို ရေးသားထားခဲ့ကာ သူ၏ ဘယ်လက်တွင် သာသနာ့ အလံ၊ ညာ လက်တွင် NLD အလံ ငယ်များကို ကိုင်ဆောင်၍ ဗဟန်းမြို့နယ်မှ စတင်ပြီး မင်္ဂလာတောင်ညွန့် မြို့နယ်၊ ပုဇွန်တောင် မြို့နယ်၊ ဒေါပုံမြို့နယ်တို့ကို ဖြတ်သန်း၍ ဆန္ဒပြလာစဉ် ပိုလ်တထောင်မြို့နယ် အရောက်တွင် ဖမ်းဆီး ခံခဲ့ရခြင်းဖြစ်သည်။ ကိုမောင်မောင်ဇင် ဆန္ဒထုတ်ဖော်သည့် မြို့နယ်များမှာ ဆန္ဒထုတ်ဖော်ခွင့် ပိတ်ပင်ထားသည့် မြို့နယ်များဖြစ်သည်။

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ The Voice/မြန်မာ]

**ကလေး စစ်သားဟောင်း ကိုအောင်ကိုထွေးကို ဝန်းရံသူများ အနက်မှ နှစ်ဦးကို ဖမ်းဆီး**

ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဒဂုံဆိပ်ကမ်းမြို့နယ်ရဲစခန်းမှ ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ဝန်းရံသူ နှစ်ဦးဖြစ်သော ဒေါ်လေးလေး (ခေါ်) ဒေါ်စန်းစန်းဦးနှင့် ကိုနောင်နောင်တို့အား နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် ဖမ်းဆီးခဲ့ပြီး အင်းစိန် အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့သည်။ ဇန်နဝါရီလ ၁၇ ရက်နေ့ တွင် ဒဂုံဆိပ်ကမ်းမြို့နယ် တရားသူကြီးမှ ကလေးစစ်သား ဟောင်း ကိုအောင်ကိုထွေးကို စွဲချက်တင်ကြောင်း အမိန့်ချမှတ် ခဲ့ပြီးနောက် တရားရုံး အပြင်ဘက်တွင် ကိုအောင်ကိုထွေး ကို ဝန်းရံသူများမှ တရားလို ဒုပိုလ်မှူးကြီး မျိုးမြင့်အောင်နှင့် တရားသူကြီးတို့ကို ဆန္ဒပြခဲ့ကြသည်။ ထို့နောက် ဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ်ကို ခြေဖြင့်နင်း၍ ကြွေးကြော် ခဲ့ကြသည်ဟု စွပ်စွဲခံခဲ့ကြရသည်။ ထို့ကြောင့် ဒဂုံဆိပ်ကမ်း မြို့နယ် ရဲတပ်ဖွဲ့မှူးမှ ဒေါ်လေးလေး (ခေါ်) ဒေါ်စန်းစန်းဦးနှင့် ကိုနောင်နောင်တို့အပါအဝင် ခြောက်ဦးအား တရားလိုပြုလုပ်တိုင်ကြားခဲ့သည်ဟု ဒေါ်လေးလေး၏ သမက် ကိုအောင်ကျော်မှ ပြောကြားခဲ့သည်။ ဆန္ဒပြသူများမှ ဖွဲ့စည်းပုံ အခြေခံဥပဒေ စာအုပ်ကို ခြေဖြင့်နင်းသည်ဆိုခြင်းနှင့် ပတ်သက်၍ တရားရုံးရှေ့ တွင် ရှိနေသော ကိုအောင်ကျော်မှ ထိုစာအုပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ်မဟုတ်ဘဲ စာအုပ်ပုံစံထုတ်ထား သည့် ကတ်ထူပြားသာဖြစ် ကြောင်း ပြောကြားခဲ့သည်။

ဒေါ်လေးလေး (ခေါ်) ဒေါ်စန်းစန်းဦးနှင့် ကိုနောင်နောင်တို့သည် ကိုအောင်ကိုထွေးကို တရားစွဲဆိုခြင်းနှင့် ပတ်သက်၍ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် နေပြည်တော် ကောင်စီနယ်မြေ၌ တရားဝင် ဆန္ဒပြရန် စီစဉ်ထားပြီး ရန်ကုန်မှ နေပြည်တော်သို့ ထွက်ခွာမည့် အချိန်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ လွတ်လပ်သော၊ အာရှအသံ/မြန်မာ]

**မြောက်ဦး ပဋိပက္ခနှင့် ဆက်နွယ်၍ ရဲတပ်ဖွဲ့မှ လူငယ်ရှစ်ဦးကို ဖမ်းဆီး**

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြောက်ဦးပဋိပက္ခ နှင့် ဆက်နွယ်၍ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ လူငယ် ရှစ်ဦးကို ဖမ်းဆီးခဲ့သည်။ ထိုလူငယ်ရှစ်ဦးသည် မြောက်ဦး ပဋိပက္ခကြောင့် သေနတ်ထိမှန်၍ စစ်တွေ ပြည်သူ့ဆေးရုံတွင် ဆေးကုသနေရချိန်တွင် လက်ထိပ်ခတ်၍ ဖမ်းဆီးခံခဲ့ရခြင်းဖြစ် သည်။ ၎င်းတို့ရှစ်ဦးအား စစ်တွေ ပြည်သူ့ဆေးရုံရှိ အချုပ်သား များကို ထားသည့် သီးသန့်ဆောင် တွင် ထိန်းသိမ်း ထားပြီး လူနာစောင့်များနှင့်လည်း တွေ့ခွင့်မပေးပါ။ ထို့ပြင် ၎င်းတို့အား စောင့်သည့် ထောင်လုံခြုံရေးများသည် ၎င်းတို့၏ မိသားစုဝင်များ မှ မေးမြန်းသည့် မေးခွန်းများကို ဖြေကြားပေးရန် ငြင်းဆိုခဲ့သည်။

[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဧရာဝတီ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဒီဗွီဘီ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ The Voice/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ မြန်မာတိုင်း/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ BNI/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ 7 Day Daily/မြန်မာ]

**ဆန္ဒထုတ်ဖော်ပွဲ ဦးဆောင်သူကို အမှုဖွင့်**

ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဘားအံမြို့မရဲစခန်းမှ ၈၈ ကရင် မျိုးဆက် ကျောင်းသားများ လူမှုဖွံ့ဖြိုးအသင်း ဥက္ကဌ

ဦးစောမောင်ကြီးကို ခွင့်ပြုချက် မရှိဘဲ ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့ကာ အာမခံပေးခဲ့သည်။ လယ်ယာမြေ ပြဿနာများကို အမြန်ဆုံး ဖြေရှင်းပေးရန်၊ အကျင့်ပျက် ဝန်ထမ်းများကို ထိရောက်စွာ အရေးယူပေးရန်အတွက် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့၌ လူဦးရေ ငါးဆယ်ခန့်မှ ဆန္ဒထုတ် ဖော်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်နေကြသူများကို ရဲများမှ လူစုခွဲခဲ့ပြီး ဆန္ဒပြပွဲကို ဦးဆောင်သူ ဦးစောမောင်ကြီးအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဇန်နဂါရီလ ၂၆ ရက်နေ့တွင် ဆန္ဒပြရန်အတွက် အကြောင်းကြားစာတင်ခဲ့သော်လည်း ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေမည့် အချိန်ကာလနှင့် နီးနေခြင်း၊ ပြည်ထောင်စုနေ့နှင့် နီးနေခြင်း၊ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ် ရှိနေခြင်းများကြောင့် ဆန္ဒပြ ပွဲကို ခွင့်မပြုကြောင်း ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှ အကြောင်း ပြန်ခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ BNI/မြန်မာ

## ▪ တရားစွဲဆိုခံရခြင်းများ

### ရိုက်တာ သတင်းဌာနမှ သတင်းထောက် နှစ်ဦးကို စွဲချက်တင်

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရိုက်တာ သတင်းဌာနမှ သတင်းထောက်နှစ်ဦးဖြစ်ကြသော ကိုသက်ဦးမောင် (ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး (ခ) ကိုမိုးအောင်တို့ကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် ပြောင်းလဲ၍ ရုံးထုတ် စစ်ဆေးခဲ့ပြီး ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံတော် အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ၊ ပုဒ်မ ၃ ဖြင့် စွဲချက်တင်ခဲ့သည်။ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ၎င်းတို့ကို တတိယအကြိမ်မြောက် ရုံးထုတ် စစ်ဆေးခဲ့ပြီး တရားလိုဖြစ်သူ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ယုနိုင်ကို စတင် စစ်ဆေးခဲ့သည်။ ဒုတိယ ရဲမှူးကြီး ယုနိုင်မှ သတင်းထောက် နှစ်ဦးအား နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဖြင့် တရားစွဲဆိုရန် သမ္မတရုံးသို့ ခွင့်ပြုမိန့် တောင်းခံခဲ့ရာ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ခေတ္တနိုင်ငံတော် သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေခဲ့သော ဒုတိယ သမ္မတ (၁) ဦးမြင့်ဆွေမှ ခွင့်ပြုပေးခဲ့ပြီး သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဟန်က ခွင့်ပြုချက်ပေးပို့ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ထိုနေ့ရုံးချိန်းတွင် သတင်းထောက်နှစ်ဦးကို အာမခံပေးရန်အတွက် ၎င်းတို့၏ အကျိုးဆောင်ရှေ့နေများက အာမခံလျှောက်ထားခဲ့သည်။ သို့သော်လည်း အစိုးရရှေ့နေများမှ အာမခံလျှောက်ထားမှုကို ကန့်ကွက်ခဲ့ခြင်းကြောင့် ခရိုင်တရားသူကြီးက လာမည့်ရုံးချိန်းတွင် အာမခံပေး၊ မပေးဆုံးဖြတ်မည် ဖြစ်သည်။ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် သတင်းထောက်နှစ်ဦးကို ရုံးချိန်း ထပ်မံ ချိန်းဆိုထားသည်။

ကိုဝလုံး၏ ဇနီးဖြစ်သူမှ ကိုဝလုံးသည် အူကျရောဂါနှင့် ခါးနာရောဂါ ခံစားနေရပြီး ထိန်းသိမ်းခံထားရစဉ်အတွင်း ဆေးကုမှု ရရှိမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် လုံခြုံရေးနှင့် သက်ဆိုင်သော လျှို့ဝှက် စာရွက်၊ စာတမ်းများကို ၎င်းတို့ နှစ်ဦး၏ လက်ဝယ်တွင် တွေ့ရှိခဲ့ခြင်းအတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကိုသက်ဦးမောင် (ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး (ခ) ကိုမိုးအောင်တို့သည် ဖမ်းဆီးခြင်း ခံခဲ့ရသည်။


၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ တိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်၊ Frontier
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဝါရှင်တန်ပို့
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ 7 DayDaily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ Global New Light
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ Independent


### မြောက်ဦးပဋိပက္ခနှင့် ဆက်နွယ်၍ တရားစွဲဆိုမှုများဖြစ်ပေါ်

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ မြောက်ဦးနန်းတော်ရာကုန်းပေါ်တွင် ကျင်းပရန် စီစဉ်ထားသော ရခိုင်ဘုရင်နိုင်ငံတော် ကျဆုံးခြင်း ၂၃၃ နှစ်ပြည့် ဝမ်းနည်းအောက်မေ့ဖွယ် အခမ်းနားကို အာဏာပိုင်များမှ တားမြစ်ခဲ့ခြင်းအတွက် ဒေသခံများမှ လမ်းလျှောက်ဆန္ဒပြရာမှ ပဋိပက္ခဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့၏ ဖြိုခွင်းမှုကြောင့် လူ ခုနစ်ဦး သေဆုံးခဲ့ကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ဆန္ဒပြသူများမှ အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲကားများအား ကျောက်ခဲများ၊ အုတ်ခဲများဖြင့် စတင် ပစ်ခတ်ခဲ့ကြသည်။ ထို့ကြောင့် ရဲများမှ ရာဘာကျည်သုံးရမည့်အစား ကျည်အစစ်များဖြင့် ဆန္ဒပြသူများကို ပစ်ခတ်ခဲ့သည်။ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေမှ ဆန္ဒပြခေါင်းဆောင်များသည် ဆန္ဒပြန်ရန်အတွက် အာဏာပိုင်များထံမှ ခွင့်ပြုချက် တောင်းခံခဲ့ခြင်း မရှိပါဟု ပြောကြားခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရမှ သေဆုံးသွားခဲ့သူ ခုနစ်ဦးအတွက် တစ်ဦးလျှင် ငါးသိန်းကျပ်ဖြင့် ၎င်းတို့၏ မိသားစုဝင်များအား ထောက်ပံ့ကြေး ပေးအပ်ခဲ့သည်။

ရခိုင်ဘုရင်နိုင်ငံတော် ကျဆုံးခြင်း ၂၃၃ နှစ်ပြည့် ဝမ်းနည်းအောက်မေ့ဖွယ် အခမ်းနားတွင် ဟောပြောခဲ့ခြင်း၊ ဆန္ဒပြခဲ့ခြင်းတို့အတွက် ရဲတပ်ဖွဲ့မှ အမျိုးသား ခုနစ်ဦးကို တရားစွဲဆိုခဲ့သည်။ မြောက်ဦး ပဋိပက္ခတွင် အရပ်သားများ ပစ်ခတ်ခံရမှုကို အစိုးရမှ ထိထိရောက်ရောက် တာဝန်ယူ ဖြေရှင်းပေးရန်အတွက် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် စစ်တွေမြို့၊ ပြည်နယ်အစိုးရရုံးရှေ့၌ ဆန္ဒပြ တောင်းဆိုခဲ့ကြသော လူငယ် ငါးဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်း ခံထားရသည်။ ထို့ပြင် ရခိုင်ပြည် အချုပ်အခြာ အာဏာ တည်မြဲရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန်လိုအပ်သည်ဟု ဟောပြောခဲ့ခြင်းအတွက် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ထင်ရှားသော အမျိုးသား နှစ်ဦးသည် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။

ခွင့်ပြုချက်မတင်ဘဲ ဆန္ဒပြခဲ့ခြင်းအတွက် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် စစ်တွေမြို့မ ရဲစခန်းမှ လူငယ် ငါးဦးကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့် လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ စစ်တွေမြို့နယ်၊ ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကျော်မှ လူငယ် ငါးဦးကို ဖမ်းဆီးမည်မဟုတ်ဘဲ ဒဏ်ငွေ သုံးသောင်းကျပ် ပေးဆောင်စေခြင်းဖြင့် အမှု ပြီးဆုံးသွားစေမည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း လူငယ်များသည် ဒဏ်ငွေ လာရောက်ပေးဆောင်ခြင်းမရှိသေးပါဟု ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၌ ပြုလုပ်ခဲ့သော ၂၃၃ နှစ်မြောက် ရခိုင် နိုင်ငံတော် အချုပ်အခြာ အာဏာ ကျဆုံးခြင်းနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဟောပြောခဲ့သည့် ဟောပြောချက်များနှင့် ပတ်သက်၍ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စစ်တွေမြို့မှ စာရေးဆရာ ဝေဟင်အောင် (ခ) ကိုအောင်ကျော်ဝင်းသည် ဖမ်းဆီးခြင်းခံခဲ့ရပြီး အမ်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်သည် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ရသေ့တောင်မြို့နယ် ရဲစခန်းမှ ၎င်းတို့နှစ်ဦးအား နိုင်ငံတော် အကြည်ညိုပျက် စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊ မတရားအသင်းအက်ဥပဒေ၊ ပုဒ်မ ၁၇(၁) တို့ဖြင့် အမှုဖွင့်ထားသည်။ ထို့ပြင် ၎င်းတို့နှစ်ဦးအား နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု ပုဒ်မ ၁၂၂ ဖြင့် တရားစွဲဆိုရန် စစ်တွေခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူးမှ စစ်တွေမြို့နယ် တရားရုံးသို့ ဦးတိုက် လျှောက်ထားပြီး ဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ထံမှ သိရှိရသည်။ ယခုလက်ရှိတွင် ၎င်းတို့အား စစ်တွေထောင်တွင် ထိန်းသိမ်းထားပြီး ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရဲများစွာ အစောင့်အကြပ်ဖြင့် ၎င်းတို့ကို ရသေ့တောင်မြို့နယ် တရားရုံး တွင် ပထမအကြိမ် ရုံးထုတ် စစ်ဆေးခဲ့သည်။ တရားရုံးမှ ၎င်းတို့နှစ်ဦးအား နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊ မတရားအသင်းအက်ဥပဒေ၊ ပုဒ်မ ၁၇(၁) တို့ဖြင့် တရားစွဲဆိုခဲ့သည်။ ထိုနေ့ရုံးချိန်းတွင် ၎င်းတို့၏ မိသားစုဝင်များ၊ သတင်းထောက်များသည် ၎င်းတို့နှင့် တွေ့ဆုံခွင့်မရရှိခဲ့ပါ။ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ၎င်းတို့အား ထပ်မံ၍ ရုံးထုတ် စစ် ဆေးသွားမည်ဖြစ်သည်။

မြောက်ဦးပဋိပက္ခဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့၏ စုံစမ်း စစ်ဆေးမှုများနှင့် ပတ်သက်၍ ရခိုင်ဒေသခံများနှင့် ဗမာလူမျိုးများကြား ဆက်ဆံရေး ပျက်စီးခြင်းနှင့် ပို၍ မတည်မငြိမ်ခြင်းတို့ ဖြစ်ပွားမည်ကို ရခိုင်ဒေသခံများမှ စိုးရိမ်လျက်ရှိသည်။ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်မှ ဒေသခံ ၁၅၀ နီးပါးမှ ၎င်းတို့ နှစ်ဦးကို လွှတ်ပေးရေးအတွက် ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။ ရက္ခိုင့်လွတ်မြောက်ရေး တပ်မတော် (AA)၊ ပြည်တွင်း အရပ်ဘက် အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကြေညာ ချက်များ အသီးသီးထုတ်ပြန်ခဲ့ပြီးနောက် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရခိုင်ပြည်နယ် လွှတ်တော်မှ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အဖွဲ့ဝင် ကိုးဦးပါဝင်သည့် စုံစမ်းစစ်ဆေး ရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန် အတည်ပြုခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်၊ Development Media Group/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ Development Media Group/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ Development Media Group/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ Coconuts
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ Frontier
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ အီလဲဗင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ Frontier
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ Global New Light
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ အီလဲဗင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်၊ အီလဲဗင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ Myanmar Times
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ BNI

## ▪ တရားရင်ဆိုင်ရခြင်းများ

**တနင်္သာရီဂျာနယ် တာဝန်ခံအယ်ဒီတာကို အာမခံပေး**

ဇန်နဝါရီလ ၂ ရက်နေ့တွင် ထားဝယ် မြို့နယ် တရားသူကြီးမှ တနင်္သာရီဂျာနယ် တာဝန်ခံ အယ်ဒီတာ ဦးမျိုးအောင် ကို ငွေကျပ် သိန်း ၂၀ ဖြင့် အာမခံပေးခဲ့သည်။ နိုဝင်ဘာလ ၂၀ ရက်နေ့ထုတ် တနင်္သာရီ အပတ်စဉ်ဂျာနယ်တွင်ဖော်ပြခဲ့သော 'မဲဆွယ်အပြုံး' သရော်စာဆောင်းပါးသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဒေါ်လဲ့လဲ့မော်နှင့် သူမ၏ မိသားစုကို ထိခိုက်စေသည်ဟု စွပ်စွဲခံခဲ့ရသည်။ ထို့ကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး အစိုးရကိုယ်စား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးလူမှ တရားလိုပြုလုပ်၍ ဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးမျိုးအောင်ကို သတင်းမီဒီယာဥပဒေဖြင့် အရေးယူပေးရန် ထားဝယ်မြို့နယ်တရားရုံး၌ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဦးတိုက် လျှောက်ထားခဲ့သည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ထားဝယ်မြို့မရဲစခန်းမှ တနင်္သာရီဂျာနယ် တာဝန်ခံ အယ်ဒီတာ ဦးမျိုးအောင်ကို စတင် စစ်ဆေးခဲ့ပြီး ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် တရားရုံးမှ သတင်းမီဒီယာဥပဒေ၊ ပုဒ်မ ၂၅(ခ) ဖြင့် အမှုကို လက်ခံ စစ်ဆေးရန် ဆုံးဖြတ် အမိန့်ချမှတ်ခဲ့သည်။ ထိုပုဒ်မဖြင့် အပြစ်ရှိကြောင်း တွေ့ရှိပါက ဒဏ်ငွေ ဆယ်သိန်းအထိ ပေးဆောင်ရမည်ဖြစ်သည်။

ဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးမျိုးအောင်ကို တရားစွဲဆိုထားမှုနှင့် ပတ်သက်ပြီး အမှုအား ဥပဒေဘောင်အတွင်းမှ ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၅ ရက်နေ့တွင် ဂျာနယ်၏ အယ်ဒီတာအဖွဲ့မှ သတင်း ထုတ်ပြန်ခဲ့သည်။

တရားသူကြီးမှ ဒုတိယအကြိမ်ရုံးချိန်းကို ဇန်နဝါရီ ၁၆ ရက်နေ့တွင် ပြန်လည်ချိန်းဆိုခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ 7 Day Daily/မြန်မာ

**မကွေးမြို့တွင် အမျိုးသား တစ်ဦးကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေပုဒ်မ ၁၀ ဖြင့် အမှုဖွင့်**

မကွေးမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးအရာရှိများ၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ထိခိုက်စေရန် ပုတ်ခတ်ရေးသားသည်ဟု ဆိုကာ ဇန်နဝါရီလ ၇ ရက်နေ့တွင် မကွေးမြို့နယ်၊ စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနမှ ဒုဦးစီးအရာရှိ ဦးအောင်မျိုးသိန်း မှ Myo Aung လူမှုကွန်ရက်စာမျက်နှာပိုင်ရှင်၊ မကွေးမြို့နယ် စည်ပင်သာသာယာ ကော်မတီတွင် မြေတိုင်း ၃ တာဝန် ထမ်းဆောင်နေသူ ဦးမျိုးအောင်အား မကွေးမြို့မရဲစခန်းတွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွပ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် အမှုဖွင့်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် Myo Aung လူမှုကွန်ရက်စာ မျက်နှာပိုင်ရှင် ဦးမျိုးအောင်သည် မကွေးတိုင်းဒေသကြီး သတင်းစုံနှင့် မကွေးတိုင်းဒေသကြီး ဟစ်တိုင် လူမှုကွန်ရက်စာမျက်နှာ၌ မကွေးမြို့နယ်၊ စည်ပင်သာယာရေး ဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော အရာရှိနှင့် အပေါင်းအပါတချို့အား ဝိုင်းကွက်များ လက်ဝယ်ထားရှိခြင်းနှင့် ရောင်းချ စားသောက်နေကြောင်းရေးသားခြင်း၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ငွေကျပ် သိန်းပေါင်းထောင်ချီ၍ အဂတိလိုက်စားခဲ့သည်ဟု ရေးသားခဲ့ခြင်းတို့အတွက် အမှုဖွင့်ခံခဲ့ရခြင်းဖြစ်သည်။

မကွေးမြို့မရဲစခန်းတွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွပ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် အမှုဖွင့်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း မကွေးမြို့မရဲစခန်းမှ သိရှိရသည်။ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဦးမျိုးအောင်ကို မကွေးမြို့ နယ်တရားရုံးတွင် ပထမအကြိမ် ရုံးထုတ်ခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ မဇ္ဈိမ/မြန်မာ

**ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ပုဒ်မ ၅၀၅(ခ) ဖြင့် စွဲချက်တင်**

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် တရားသူကြီးမှ ကလေး စစ်သားဟောင်း ကိုအောင်ကိုထွေးကို နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် စွဲချက်တင်ရန် ဆုံးဖြတ်ခဲ့သည်။ ကိုအောင်ကိုထွေးသည် ကလေး စစ်သားဟောင်း အဖြစ် အမှု စုဆောင်း ခံခဲ့ရစဉ်က အတွေ့အကြုံများနှင့် အကျဉ်းထောင်တွင်း ၁၀ နှစ် ပြစ်ဒဏ် ချမှတ်ခံခဲ့ရစဉ်က အတွေ့အကြုံများကို လွတ်လပ်သော အာရှအသံ (RFA) နှင့် အင်တာဗျူး ပြုလုပ်ခဲ့ခြင်းအတွက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဖမ်းဆီးခြင်း ခံခဲ့ရ သည်။ ပုဒ်မ ၅၀၅(ခ) ဖြင့် ပြစ်ဒဏ် ချမှတ်ခံခဲ့ရပါက ထောင်ဒဏ် သုံးနှစ်၊ ဒဏ်ငွေ သို့မဟုတ် နှစ်မျိုးလုံး ချမှတ်ခံရမည်ဖြစ်သည်။ လာမည့် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် တရားရုံးတွင် ကိုအောင်ကိုထွေးကို ရုံးထုတ် စစ်ဆေးခဲ့ရာ ကိုအောင်ကိုထွေးမှ အစစ်ဆေးမခံဘဲ တရားရုံးကို သပိတ်မှောက်ခဲ့သည်။ တရားသူကြီးမှ ဖြောင့်မတ် မှန်ကန်သော တရားစီရင်မှု မရှိခြင်းကြောင့် အစစ်ဆေးမခံခြင်းဖြစ်ကြောင်း ကိုအောင်ကိုထွေးမှ ပြောကြားခဲ့သည်။ တရားသူကြီးမှ နောက်တစ်ကြိမ် ရုံးချိန်းကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြန်လည် ချိန်းဆိုခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ မြန်မာတိုင်း

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ ဒီဗွီဘီ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ▪ ထောင်မှလွတ်မြောက်မှုများ

**KNPP တပ်ဖွဲ့ဝင်များ သတ်ဖြတ်ခံရခြင်းအတွက် ဦးဆောင်ဆန္ဒပြခဲ့သူ ငါးဦး လွတ်မြောက်**

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တပ်ဖွဲ့ဝင်လေးဦး သတ်ဖြတ်ခံခဲ့ရခြင်းအတွက် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် လွိုင်ကော်မြို့၌ ဦးဆောင်ဆန္ဒပြခဲ့ကြသော ကယားပြည်နယ် ကျောင်းသားသမဂ္ဂအဖွဲ့မှ ကိုရဲမင်းကျော်၊ ကိုမျိုးလှိုင်ဂင်း၊ ကိုဂျွန်ပေါလ် နှင့် ကရင်နီပြည် တောင်သူ လယ်သမားသမဂ္ဂမှ ခွန်းဒီးဒီ၊ ကရင်နီပြည် လူငယ်များ သမဂ္ဂမှ ခွန်းဘိုဘိုတို့သည် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် လွိုင်ကော်ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့ရုံးချိန်းတွင် လွိုင်ကော်မြို့နယ်တရားသူကြီးမှ ၎င်းတို့အား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် ချုပ်ရက်အပါ ထောင်ဒဏ် ရက် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းတို့ ငါးဦးအား လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ ဇန်နဝါရီလ ၅ ရက်နေ့တွင် လွိုင်ကော်မြို့နယ် တရားရုံး၌ ပြုလုပ်သော ရုံးချိန်း၌ လွိုင်ကော်မြို့နယ် တရားသူကြီးမှ ၎င်းတို့အား ခံဝန်ကတိထိုးခိုင်းခဲ့သော်လည်း မထိုးခဲ့ခြင်းကြောင့် တရားသူကြီးမှ ဖမ်းဆီးရန် အမိန့် ချမှတ်ခဲ့သည်။

[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်၊ ဧရာဝတီ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်၊ မြန်မာတိုင်း](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်၊ BNI/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ 7 Day Daily/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ ဗွီအိုအေ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ 7 Day Daily/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ မြန်မာတိုင်း/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ ဧရာဝတီ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ ဗွီအိုအေ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ ဧရာဝတီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ 7 Day Daily/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ ဧရာဝတီ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဧရာဝတီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ 7 Day Daily/မြန်မာ](#)

**ရိုက်တာ သတင်းထောက်နှစ်ဦးနှင့် ဆက်နွယ်၍ ဖမ်းဆီးခြင်းခံခဲ့ရသော အင်းဒင်ကျေးရွာမှ ကျောင်းဆရာတစ်ဦး နှင့် ရွာသားနှစ်ဦး ပြန်လည်လွတ်မြောက်**

စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့မှ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သော ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အင်းဒင်ကျေးရွာမှ ဦးမောင်သိန်းဖြူ နှင့် ဦးမောင်ဝင်းဖြူ၊ အင်းဒင် ကျေးရွာတွင် တာဝန်ကျနေသည့် ကျောင်းဆရာ ဦးထွန်းထွန်းနိုင် တို့သည် ဇန်နဂါရီလ ၅ ရက်နေ့တွင် မောင်တော ရဲစခန်း အချုပ်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့မှ မောင်တောမြို့နယ်၊ အင်းဒင်ကျေးရွာတွင် တာဝန်ကျနေသည့် ကျောင်းဆရာ ဦးထွန်းအေးနှင့် ဦးထွန်းထွန်းနိုင်၊ အင်းဒင် ကျေးရွာသား ဦးမောင်သိန်းဖြူတို့ကို ဖမ်းဆီးခဲ့သည်။ ထို့ပြင် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် မောင်တောမြို့နယ် လက်ထောက် ပညာရေးမှူး ဦးမြင့်စိုး၊ ခွဆုံ မူလတန်းကျောင်းအုပ်ကြီး ဦးအောင်သိန်းဖြူ၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဦးမောင်ဝင်းဖြူ တို့အား ဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် လက်ထောက် ပညာရေးမှူး ဦးမြင့်စိုးနှင့် မူလတန်းကျောင်းအုပ်ကြီး ဦးအောင်သိန်းဖြူတို့သည် ပြန်လည် လွတ်မြောက်လာခဲ့သည်။

ဖမ်းဆီးခံထားရသူ ခြောက်ဦးအနက် ကျောင်းဆရာ ဦးထွန်းအေး တစ်ဦးတည်းသာ ပြန်လည် လွတ်မြောက်လာခြင်းမရှိသေးပါ။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဦးထွန်းအေး ကို မောင်တောမြို့နယ် တရားရုံး၌ ရုံးထုတ်စစ်ဆေးခဲ့သည်။ ဦးထွန်းအေး၏ ရှေ့နေဖြစ်သူ တရားလွှတ်တော် ရှေ့နေ ဦးခင်ဝင်းမှ ဦးထွန်းအေးအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် တရားစွဲဆိုထားသည်ဟု ပြောကြားခဲ့သည်။

ရခိုင်ပြည်မြောက်ပိုင်း ပဋိပက္ခများနှင့် ပတ်သက်သော စာရွက်စာတမ်းများအား လက်ဝယ်တွေ့ရှိခဲ့ခြင်းအတွက် အစိုးရလျှို့ဝှက်ချက်များ ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရိုက်တာ သတင်းဌာနမှ မြန်မာသတင်းထောက် နှစ်ဦး အင်းဒင်ရွာသို့ လာရောက်ခဲ့သည့် ကိစ္စနှင့် ယခု ဖမ်းဆီးခံရမှုသည် ဆက်နွယ်မှု ရှိနိုင်ကြောင်း ရွာသားများမှ သုံးသပ်ပြောကြား ခဲ့သည်။

[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ 7 Day Daily/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်၊ 7 Day Daily/မြန်မာ](#)

**ငြိမ်း၊စု၊စီ ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆို ခံထားရသူ သုံးဦးကို အမှု ရုပ်သိမ်းပေး**

ဇန်နဝါရီလ ၂၃ ရက်နေ့တွင် လွိုင်ကော်မြို့နယ် တရားသူကြီးမှ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉

ဖြင့် တရားစွဲဆိုခြင်းခံထားရသော ကယန်းအမျိုးသားပါတီ ဥက္ကဋ္ဌ ခွန်းဘီထူး၊ ကယန်းမျိုး ဆက်သစ်လူငယ် ဗဟိုကော်မတီဝင် ခွန်း အသန်းနှင့် ကရင်နီပြည် တောင်သူ လယ်သမား သမဂ္ဂ ဥက္ကဋ္ဌ ခူးတူရယ် တို့၏ အမှုကို ရုပ်သိမ်းပေး ခဲ့သည်။ ၎င်းတို့သုံးဦး သည် ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) တပ်ဖွဲ့ဝင် သုံးဦးနှင့် အရပ်သား တစ်ဦး သတ်ဖြတ်ခံခဲ့ရသည့်အတွက် ဦးဆောင် ဆန္ဒပြခဲ့ ကြသော အမျိုးသား ငါးဦးအား ဇန်နဝါရီလ ၅ ရက်နေ့ ရုံးထုတ်ရာ၌ လူ ၁၀၀၀ ခန့်ကို ဦးဆောင် ကာ ဝန်းရံခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့အား လွိုင်ကော်မြို့ နယ် စခန်းမှူး ဦးဂင်းဌေးမှ တရားလို ပြုလုပ်ပြီး တရားစွဲဆို ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ၎င်းတို့ကို လွိုင် ကော်မြို့နယ်တရားရုံး၌ စတင် စစ်ဆေးခဲ့ပြီး အာမခံယူခြင်း၊ ခံဝန်လက်မှတ်ထိုးခြင်းမရှိသောကြောင့် လွိုင်ကော် အကျဉ်း ထောင်တွင် ထိန်းသိမ်းထားရန် တရားရုံးမှ အမိန့်ချမှတ်ခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ BNI

**မွန်ပြည်သစ်ပါတီဝင် ငါးဦး လွတ်ရက်မစေ့ခင် ပြန်လည် လွတ်မြောက်**

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မွန်ပြည်သစ်ပါတီဝင် ငါးဦးသည် ကျိုက်မရော အကျဉ်းထောင်မှ လွတ်ရက်မစေ့ခင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ မွန်ပြည်သစ်ပါတီမှ ပါတီဝင် ငါးဦး လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့သည့်အပြင် တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ် ရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ် ရေးထိုးရန် သဘောတူညီခဲ့ခြင်းကြောင့် လွတ်ရက် မစေ့ခင် ပြန်လည် လွတ်မြောက်လာခြင်းဖြစ်သည်ဟု မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင် ဦးနိုင်အောင်မငေးမှ ပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ၎င်းတို့ ငါးဦးသည် မတရားအသင်းဥပဒေဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။

ဖမ်းဆီးခြင်းခံထားရသော မွန်ပြည်သစ်ပါတီဝင်အားလုံး လွတ်မြောက်လာပြီဖြစ်ပြီး ၎င်းတို့အဖွဲ့နှင့် ဆက်သွယ်၍ မတရား အသင်း ဆက်သွယ်မှုဖြင့် ဖမ်းဆီးခြင်းခံထားရသော အရပ်သား များ ရှိ၊ မရှိ စုံစမ်းကာ အားလုံးကို ပြန်လည် လွှတ်ပေးရန် တောင်းဆိုသွားမည်ဟု ဦးနိုင်အောင်မငေးမှ ပြောကြားခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ ဒီဗွီဘီ/မြန်မာ

## ▪ နိုင်ငံရေး အကျဉ်းသားဟောင်းများ

**နိုင်ငံရေး အကျဉ်းသားဟောင်း ကိုစန်းဇော်ထွေး ကွယ်လွန်**

ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နိုင်ငံရေး အကျဉ်းသားဟောင်း၊ AAPP ၏ MHAP အစီအစဉ်မှ ကောင်ဆယ်လာဟောင်း တစ်ဦးဖြစ်သူ ကိုစန်းဇော်ထွေးသည် အသည်းကင်ဆာ ရောဂါဖြင့် ကွန်လွန်သွားခဲ့သည်။ သူသည် ၃၆ နှစ် ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ရသော်လည်း ၂၀၁၂ ခုနှစ်တွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သည်။ လွတ်မြောက်လာခဲ့ပြီးနောက် သူသည် ထောင်တွင်းတွင် ပြုလုပ်ခဲ့သော Recycled Art ဟုခေါ်ဆိုသည့် စွန့်ပစ် ပစ္စည်းများ နှင့် အနုပညာပစ္စည်းများ ဖန်တီးခြင်းအားဖြင့် နာမည်ရလာ ခဲ့သည်။ ထိုအနုပညာပစ္စည်းများ ဖန်တီးခြင်းအပြင် သူသည် မိဘမဲ့ကလေးများ၊ HIV ဝေဒနာရှင် ကလေးငယ်များကိုလည်း သူ၏ အနုပညာ ဖန်တီးမှုများကို သင်ကြားပေးခဲ့သည်။
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ ဧရာဝတီ]

**နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဇော်မင်း (ခ) ကိုဘောင်းဘောင်း ကွယ်လွန်**

ဇန်နဝါရီလ ၂၁ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဇော်မင်း (ခ) ကိုဘောင်းဘောင်းသည် အသည်းကင်ဆာ ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ရှစ်လေးလုံး လူထု အရေးတော်ပုံပြီးနောက် သူသည် နိုင်ငံရေးလှုပ်ရှားမှုများအတွက် သုံးကြိမ်တိုင် ပြစ်ဒဏ် ချမှတ်ခြင်း ခံခဲ့ရသည်။ ထို့ပြင် သူသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကာလက အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အောင်နိုင်ရေးတွင် ဖြည့်ဆည်းပါဝင်ခဲ့သူဖြစ်သည်။ သူသည် ၂၀၁၂ ခုနှစ်တွင် သမ္မ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့ပြီးနောက် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၌ ရုံးအဖွဲ့မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ မြန်မာတိုင်း/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ မြန်မာတိုင်း]

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဖျက်သိမ်းပေးရေးအတွက် ဆန္ဒထုတ်ဖော်**

ဇန်နဝါရီလ ၂ ရက်နေ့တွင် တောင်ဒဂုံမြို့နယ်၌ ဆန္ဒပြသူ ၆၀ ခန့်မှ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဖျက်သိမ်းပေးရေး အတွက် တရားဝင် စီတန်းလှည့်လည် ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒပြပွဲကို ဦးဆောင်သူ တစ်ဦးဖြစ်သူ ကိုနောင်နောင်မှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် နိုင်ငံသားများ၏ ရပိုင်ခွင့်များ ဆုံးရှုံးနေရခြင်းနှင့် တန်းတူ ညီမျှမှုမရှိခြင်းအတွက် ဆန္ဒ ထုတ်ဖော်ရခြင်းဖြစ် သည်ဟု ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်၊ မဇ္ဈိမ

**တတိယအကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံကို ရွှေ့ဆိုင်း**

ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးမှ ဇန်နဝါရီလ နောက်ဆုံး အပတ်တွင် ကျင်းပရန် လျာထားခဲ့ သည့် တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံ ကို ရွှေ့ဆိုင်းခဲ့သည်ဟု ပြောကြားခဲ့သည်။ ဇန်နဝါရီလ ၉ ရက်နေ့တွင် အစိုးရနှင့် တိုင်းရင်းသား အဖွဲ့ခေါင်းဆောင်များသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပူးတွဲ ကော်မတီ အစည်းအဝေးကို ရွှေ့ဆိုင်းခဲ့သည်။ ထိုအစည်းအဝေးတွင် ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး ညီလာခံ ကျင်းပရန် ရက်သတ်မှတ်မည်ဖြစ်သည်။ တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ် ရပ်စဲရေး စာချုပ် (NCA) ကို လက်မှတ်ရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ပြုလုပ်သော ၂၁ ရာစု ပင်လုံညီလာခံ အကြို လူထုတွေ့ဆုံပွဲများ တားမြစ်ခံရခြင်း၊ လူမျိုးအလိုက် နိုင်ငံရေးအဆင့် ဆွေးနွေးပွဲများ ကျင်းပခြင်း မပြုနိုင်ခြင်း၊ NCA လက်မှတ် ရေးထိုးထား ခြင်းမရှိသော တိုင်းရင်းသား တပ်ဖွဲ့များ ပါဝင် လက်မှတ်ရေး ထိုးနိုင်အောင် ကြိုးပမ်းနေခြင်းကြောင့် ညီလာခံကို ရွှေ့ဆိုင်း ခဲ့ခြင်းဖြစ်သည်။ ညီလာခံကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

ဇန်နဝါရီလအတွင်းတွင် တိုင်းရင်းသားအဖွဲ့များမှ ၂၁ ရာစု ပင်လုံ ညီလာခံတွင် ပူးပေါင်း ပါဝင်ခြင်း မပြုမီ များစွာသော နိုင်ငံရေးဆိုင်ရာ တွေ့ဆုံ ဆွေးနွေးမှုများ ဆက်လက် ပြုလုပ်ရန် လိုအပ်နေသောကြောင့် တတိယအကြိမ်မြောက် ပင်လုံ ညီလာခံကို ရွှေ့ဆိုင်းရန်အတွက် တွန်းအားပေးခဲ့သည်။ စစ်တပ် မှ တားဆီးခဲ့ခြင်းအတွက် ရှမ်း အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများမပြုလုပ်မီ အကြို လူထုတွေ့ ဆုံပွဲများအား ဖျက်သိမ်းခဲ့ရပြီးနောက် ထိုကဲ့သို့ ညီလာခံအား ရွှေ့ဆိုင်းရန် တွန်းအားပေးခဲ့ခြင်းဖြစ်ပြီး အခြားဒေသများတွင်လည်း အမျိုး သား အဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ရန် အခက်အခဲများ ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်သည်။ ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) မှ လူထု တွေ့ဆုံ ပွဲများကို ဦးဆောင်ရမည့်အစား ရှမ်းပြည်ညီညွတ်ရေး ကော်မတီ (CSSU) မှ ဦးဆောင်နေသည့် အတွက် စစ်တပ်မှ ဟန့်တား ခြင်းဖြစ်သည်ဟု လူထုတွေ့ဆုံပွဲကို ဦးဆောင် စီစဉ်သူများမှ ပြောကြားခဲ့သည်။ ရှမ်းပြည် ပြန်လည်ထူ ထောင်ရေး ကောင်စီ (RCSS) မှ ရှမ်းပြည်ညီညွတ်ရေး ကော်မတီ (CSSU) အား ဦးဆောင်နေသော်လည်း CSSU အဖွဲ့ဝင် တချို့သည် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးစာချုပ် (NCA) အား လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အတွက် စစ်တပ်မှ CSSU ၏ လူထုတွေ့ဆုံပွဲကို ဦးဆောင်မှုအား ဆန့်ကျင် တားမြစ်ခြင်းဖြစ် သည်။ ထို့ပြင် NCA အတွင်းတွင် CSSU ၏ အခန်းကဏ္ဍ မရှိသည့်အတွက် ထိုဦးဆောင်မှုသည် တရားမဝင်ပါဟု စစ်တပ် မှ ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ BNI
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဧရာဝတီ

**လူငယ်များ တရားစွဲဆိုခံနေရခြင်း၊ မတရားဖမ်း ဆီးထောင်ချခံနေရခြင်းအတွက် ရှုတ်ချကန့်ကွက်ကြောင်း ကြေညာ ချက်ထုတ်ပြန်**

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျောင်းသား၊ လူငယ်၊ အရပ်ဘက်အဖွဲ့အစည်း၊ ကွန်ရက် ၁၁၃ ဖွဲ့နှင့် တစ်သီးပုဂ္ဂလ ထောက်ခံသူ ခြောက်ဦးတို့မှ ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း လူငယ်များ မတရား ဖမ်းဆီး၊ အကျဉ်းချ၊ တရားစွဲဆို ခံနေရမှုများအပေါ် ရှုတ်ချ ကန့်ကွက်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံတော် အစိုးရ လှို့ဝှက်ချက် အက်ဥပဒေဖြင့် ရိုက်တာ သတင်းထောက် နှစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရခြင်း၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြီးနောက် ကရင်နီ (ကယား) လူငယ် ငါးဦးဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ ကလေး စစ်သားဟောင်း ကိုအောင်ကိုထွေး ဖမ်းဆီး၊ တရားစွဲဆိုခံရခြင်း တို့အပါအဝင် ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော အမှုများနှင့် ပတ်သက်၍ ၎င်းတို့ လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ ကရင်နီလူငယ် သမဂ္ဂမှ အဖွဲ့ဝင်တစ်ဦးမှ လူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ရန် အဖွဲ့အစည်းများစွာ စုပေါင်း၍ ကြေညာချက် ထုတ်ပြန်ခြင်းသည် ပထမဦးဆုံး အကြိမ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၅ ရက်နေ့တွင် အစိုးရမှ လူငယ်အဖွဲ့များ ပူးပေါင်း ရေးဆွဲခဲ့သော လူငယ့်ရေးရာမူဝါဒကို တရားဝင် မိတ်ဆက်ဖြန့်ချီခဲ့သော်လည်း လူငယ်များသည် နိုင်ငံရေးအရ ဖိနှိပ်ခံနေရခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းခံနေရပြီး၊ လူငယ်များ အား နိုင်ငံရေးအရ လုံခြုံရေးနှင့် အခွင့်အရေးများကို ကာကွယ်မပေးနိုင်သည့် အခြေအနေဖြစ်နေသည်။ ထို့ကြောင့် ဖမ်းဆီးထားသော လူငယ်များကို အမြန်ဆုံး ပြန်လွှတ်ပေးပြီး၊ လူငယ့်ရေးရာမူဝါဒ၏ ကတိကဝတ်များအတိုင်း၊ လူငယ်များ၏ လုံခြုံရေး၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ဖြည့်ဆည်းပေးရန်အစိုးရတွင် တာဝန်ရှိသည်ဟု ကြေညာချက်ထုတ်ပြန်၍ ဖော်ပြခဲ့ခြင်းဖြစ်သည်။

[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ Global New Light of Myanmar]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ မြန်မာတိုင်း]

**လယ်ယာသုံးလမ်းတွင် ကျောက်သယ်ယာဉ်ကြီးများ သွားလာမှုကို ကန့်ကွက်သည့် အနေဖြင့် ဒေသခံတောင်သူများ ကွန်ကရစ် ကျောက်တိုင်များစိုက်ထူ**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လွန်းညကျေးရွာရှိ လယ်ယာသုံးလမ်းတွင် လွန်းညတောင်မှ ကျောက်သယ်ယာဉ်ကြီးများ သွားလာမှုကို ကန့်ကွက်သည့် အနေဖြင့် ဒေသခံတောင်သူများမှ ထိုလမ်းကို ပိတ်ဆို့ထားခဲ့ပြီး ကွန်ကရစ် ကျောက်တိုင်များကို ဇန်နဝါရီလ ၃ ရက်နေ့တွင် စိုက်ထူခဲ့သည်။ သို့သော်လည်း ဖယ်ရှားခြင်း ခံခဲ့ရ၍ ကျောက်တိုင် အတိုင်နှစ်ဆယ်ကို ထပ်မံ စိုက်ထူခဲ့သော်လည်း ဇန်နဝါရီလ ၇ ရက်နေ့ ညတွင် ဖယ်ရှားခြင်း ခံခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ဒေသခံများမှ လယ်ယာလုပ်ငန်းအတွက် အသုံးပြုရန် ထိုလမ်းအား ကိုယ်ထူကိုယ်ထ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျောက်သယ်ယာဉ်များ သွားလာမှုကြောင့် လယ်ယာသုံးလမ်းအဖြစ် အသုံးပြုရန် ခက်ခဲလာသည့်အပြင် မိုးရာသီတွင် ရေလျှံမှုဖြစ်ပေါ်ကာ စပါးခင်းများ ပျက်စီးမှု၊ ရေများ ကျေးရွာအတွင်း ပြန်လည် ဝင်ရောက်မှုများ ဖြစ်ပေါ်နေခြင်းအတွက် ထိုလမ်းအား ပိတ်ဆို့ခဲ့ခြင်းဖြစ်သည်။ လယ်သမား ၉၀၀ မှ ကျောက်သယ်ယာဉ်များကြောင့် လမ်းပျက်စီးမှု ဖြစ်ပေါ်သဖြင့် ကျောက်ထုတ်လုပ်ခြင်းကို ရပ်တန့်ရန် လက်မှတ်ရေးထိုး တောင်းဆိုခဲ့သော်လည်း အာဏာပိုင်များမှ တုံ့ပြန်ခြင်းမရှိခဲ့ပါ။ ၂၀၀၇ ခုနှစ်မှ စတင်ပြီး စီမံကိန်းအမျိုးမျိုးအတွက် လွန်းညတောင်ပေါ်တွင် ကျောက်ထုတ်ယူခဲ့ကြသည်။ ကျောက်ထုတ်ယူခြင်း မပြုလုပ်မီ အာဏာပိုင်များမှ လယ်သမားများနှင့် တွေ့ဆုံ ဆွေးနွေးခြင်း မပြုလုပ်ခဲ့ပါ။ ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းမှ လယ်သမားများမှ လမ်းအား ဆက်လက် ပိတ်ဆို့ထားလျှင် ဖေဖော်လအတွင်းတွင် ဥပဒေအရ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြော ကြားခဲ့သည်။

[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ BNI/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ မြန်မာတိုင်း]

**အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ထံ ပြည်ထဲရေး ဝန်ကြီးဌာနကို အများဆုံး တိုင်ကြား**

ဇန်နဝါရီလ ၂၂ ရက်နေ့နှင့် ဇန်နဝါရီလ ၂၃ ရက်နေ့တို့တွင် ကျင်းပ ပြုလုပ်မည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းဆောင်ရွက်သော "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာ မြှင့်တင်စို့" (Promote Integrity to Counter Corruption) ဟူသော ခေါင်းစဉ်ဖြင့် စာတမ်း ဖတ်ကြားဆွေးနွေးပွဲနှင့် ပတ်သက်ပြီး ဇန်နဝါရီလ ၆ ရက်နေ့တွင် ကော်မရှင်မှ သတင်းစာ ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ထိုသတင်းစာရှင်းလင်းပွဲ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်လှဲ့လှဲ့သွင်မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ထံ တိုင်ကြားမှုများထဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအပေါ် တိုင်ကြားမှု အများဆုံးဖြစ်သည်ဟု ပြောကြားခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် စတင်ပြဌာန်းခဲ့ပြီး စတုတ္ထအကြိမ် ပြင်ဆင်မည့် ဥပဒေကြမ်းကို သက်ဆိုင်ရာအဖွဲ့အစည်းများထံ မကြာခင်တင်ပြသွားမည်ဟု ကော်မရှင်အဖွဲ့ဝင်များမှ ပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ပြန်ကြားရေးဝန်ကြီးဟောင်း ဦးအောင်ကြည် ဦးဆောင်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ကို ဖွဲ့စည်းခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ

**တနင်္သာရီတိုင်းအစိုးရ လျှပ်စစ်တင်ဒါရွေးချယ်ရေးအဖွဲ့ကို အထင်လွဲစေရန် ဝေဖန်ပါက တရားစွဲဆိုမည်ဟု ထုတ်ပြန်**

ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းအတွက် တင်ဒါယှဉ်ပြိုင်သူများသည် လူမှုကွန်ရက် စာမျက်နှာများနှင့် မီဒီယာများတွင် အစိုးရ၏ တင်ဒါစိစစ်ရွေး ချယ်ရေးအဖွဲ့ကို အများပြည်သူ အထင်အမြင်လွဲမှားစေသော ရေးသားပြောဆိုမှုများ ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆို၍ ထိရောက် စွာ အရေးယူမည်ဟု ဇန်နဝါရီလ ၂ ရက်နေ့တွင် တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ ကြေညာချက်တစ်စောင် ထုတ်ပြန်၍ ဖော်ပြထားသည်။

လက်ရှိတွင် ထားဝယ်ခရိုင်အတွင်း လျှပ်စစ်မီးဖြန့်ချိခြင်း လုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီး အစိုးရနှင့် စာချုပ်ချုပ် ဆိုထားသော ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင် ကုမ္ပဏီ (DDPC)မှ လုပ်ကိုင် ဆောင်ရွက်နေသည်။ ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား မကြာခဏပြတ် တောက်မှုများကြောင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ထားဝယ်မြို့ခံ ၃၀၀ ခန့်မှ အဆိုပါ ကုမ္ပဏီကို ဆန္ဒထုတ်ဖော်ခဲ့ကြသည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ 7 Day Daily/မြန်မာ

**ရက္ခိုင့်တပ်မတော် စစ်ဦးစီးချုပ်မွေးနေ့အမှတ်တရ မီးပုံးပျံ လွှင့်တင်ခဲ့ခြင်းအတွက် ဖမ်းဆီးခြင်းခံထားရသူကို ရုံးထုတ် စစ်ဆေး**

ရက္ခိုင့်တပ်မတော် (AA) စစ်ဦးစီးချုပ်၏ မွေးနေ့ အမှတ်တရ အဖြစ် မီးပုံးပျံလွှင့်တင်ခဲ့ခြင်းအတွက် ဖမ်းဆီး ခြင်းခံထား ရသော ကျောက်ဖြူမြို့နယ်၊ လိပ်ခမော် ကျေးရွာသား ဦးလှထွန်းကျော် အား ဇန်နဝါရီလ ၅ ရက်နေ့တွင် ငါးကြိမ်မြောက် ရုံးထုတ် စစ်ဆေးခဲ့သည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျောက်ဖြူ မြို့မရဲစခန်းမှ ဦးလှထွန်းကျော်အား မတရား အသင်းအက် ဥပဒေ၊ ပုဒ်မ ၁၇(၁)ဖြင့် ဖမ်းဆီးခဲ့သည်။ ကျောက်ဖြူမြို့မ ရဲစခန်းမှူး ဒုရဲမှူး ကျော်ဇောက မတရား အသင်းအဖြစ် ကြေညာထားသည်ကို Happy Birthday General ဟု မီးပုံးပျံတွင် ရေးသားကာ ဓာတ်ပုံများကပ်၍ လွှင့်တင် ခဲ့ခြင်း အတွက် ပုဒ်မ ၁၇(၁)ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ BNI/မြန်မာ

**မွန်ပြည်နယ်ဝန်ကြီးချုပ်ကို ဝေဖန်ခဲ့သော အမျိုးသား တစ်ဦးအား တရားစွဲဆို**

မွန်ပြည်နယ် ဝန်ကြီးချုပ်အား လူမှု ကွန်ရက်စာမျက်နှာတွင် ဝေဖန်ခဲ့ခြင်းအတွက် ဇန်နဝါရီလ ၆ ရက်နေ့တွင် မွန်ပြည်နယ် လွှတ်တော် တိုင်းရင်းသား လူမျိုးများရေးရာ ကော်မတီအဖွဲ့ဝင် ဦးစောကျော်မိုးမှ မြို့မိ၊ မြို့ဖ တစ်ဦးအနေဖြင့် မွန်ပြည်နယ်၊ သထုံမြို့နယ်မှ ဦးအောင်ကိုကိုလွင်ကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ် ရေးဥပဒေ၊ ပုဒ်မ ၁၀ ဖြင့် သထုံမြို့မ ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ယခုလက်ရှိတွင် သထုံမြို့မရဲစခန်းမှ ဦးအောင်ကိုကိုလွင်အား အာမခံပေးထားသည်။ ဇန်နဝါရီလ ၃ ရက်နေ့တွင် သထုံမြို့၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် ပြည်နယ် လွှတ်တော် ဥက္ကဌ ဒေါ်တင်တင်အိတို့ သထုံမြို့ခံများနှင့် တွေ့ဆုံပွဲ၌ ဝန်ကြီးချုပ်မှ ကုန်ဈေးနှုန်းကျဆင်းစေလိုလျှင် အိမ်တိုင်းဟင်း တစ်မည်သာ စားရန် ပြောကြားခဲ့ခြင်းနှင့် ပတ်သက်ပြီး သူ၏ လူမှုကွန်ယက် စာမျက်နှာတွင် ဝေဖန်ခဲ့သည့် အပြင် ရန်ကုန်-မော်လမြိုင် ရထားလမ်းကူး အန္တရာယ်ရှိသည့် နေရာတွင် ယဉ်တိုက်မှုများ မကြာခဏဖြစ်သည့်အတွက် ရောင်ပြန်မီး၊ အချက်ပြမီးများ တပ်ဆင်ပေးရန်၊ သထုံဈေး လျှပ်စစ်မီး မရရှိသေးသည့် ကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်ရန်၊ သုဝဏ္ဏဝတီမြို့သစ်၌ ဘောလုံးကွင်းနေရာအား ဖွံ့ဖြိုးတိုး တက်ရန်အတွက် အဆင့်မြင့်ဖော်ဆောင်ရန် တင်ပြခဲ့သည်ကို ပြန်လည် ဖြေကြားပေးခြင်းမရှိခဲ့သည့်အတွက် ဝေဖန်ရေးသားခဲ့ သည်။

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေ၊ ပုဒ်မ ၈ (စ) ကို ၂၀၁၇ ခုနှစ်၊ မတ်လတွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေသည် နိုင်ငံသား များ၏ ပုဂ္ဂိုလ်ရေးနှင့် ကိုယ်ရေးကိုယ်တာများကို အကာအကွယ် ပေးထားသည်။ ဦးအောင်ကိုကိုလွင် သည် ထိုဥပဒေဖြင့် တရားစွဲဆိုခံရလျှင် ထောင်ဒဏ် သုံးနှစ်အထိ ကျခံရနိုင်ပြီး ဒဏ်ငွေ ၁၅ သိန်းကျပ် ပေးဆောင်ရနိုင်သည်။ လူ့အခွင့် အရေးအဖွဲ့အစည်းများမှ အာဏာပိုင်များအား ထိုဥပဒေဖြင့် တရားစွဲဆိုမှုများ မပြုလုပ်ရန်ရန် နှင့် ထိုဥပဒေကို အမြန်ဆုံး ပြင်ဆင်ရန် တိုက်တွန်းခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ မဇ္ဈိမ

**ထင်ရှားသော အမှုတစ်မှုတွင် သတင်းထောက်များအား တရားခွင် တွင် သတင်းယူရန် ခွင့်မပြု**

အားကစားဝန်ကြီးဟောင်း၏ သားဖြစ်သူ ဖြိုးကိုကိုတင့်ဆန်း ပါဝင်သော လက်နက်မှုတွင် သတင်းထောက်များသည် သတင်း ရယူရန် စာရင်းသွင်းခဲ့ပြီး ဝင်ခွင့်ကတ်များရှိသော်လည်း ထိုအမှု တွင် တရားခွင်၌ သတင်းရယူရန် ငြင်းပယ်ခြင်းခံခဲ့ရသည်။ ၂၀၁၄ ခုနှစ်၊ မီဒီယာ ဥပဒေ ပုဒ်မ ၄(ဃ)၊ မီဒီယာများအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ လက်စွဲစာအုပ်တို့တွင် သတင်းသမားများအား တရားရုံး များအတွင်းသို့ ဝင်ခွင့်ပြုရန်နှင့်

အမှုများအား တရားဝင် သတင်းယူခွင့်ပြုရန် ဖော်ပြထားသည်။ ထိုမျှသာမက ရိုက်တာသတင်းထောက် နှစ်ဦးအမှုကဲ့သို့သော ထင်ရှားသော အမှုများတွင် သတင်းသမားများအား သတင်းယူရန် ခွင့်ပြုထားသည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ Coconuts

### လယ်ယာမြေဧက ၂၀၀ ကျော်ကို စွန့်လွှတ်ပေးရန် တောင်သူများ စာပို့တောင်းဆို

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ မြောက်ကြိမ်ကျေးရွာအုပ်စုမှ ဒေသခံ တောင်သူ ၄၀ ကျော်က ၎င်းတို့၏ သိမ်းဆည်းခံထားရသော လယ်ယာမြေဧက ၂၀၀ ကျော်ကို ပြန်လည် စွန့်လွှတ်ပေးရန်အတွက် လက်မှတ်ရေးထိုး တောင်းဆိုသည့် စာကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စီစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယ သမ္မတ ဦးဟန်နရီဇန်ထီးယူ ထံသို့ ပေးပို့ခဲ့သည်။ ၂၀၀၄ ခုနှစ်ခန့်တွင် အကျဉ်းဦးစီးဌာနမှ မြောက်ကြိမ်ကျေးရွာအုပ်စုရှိ လယ်ယာမြေဧက ၂၀၀ ကျော်ကို သိမ်းယူခဲ့ပြီး ပုစွန်ကန်လုပ်ငန်း၊ စပါးစိုက်လုပ်ငန်း၊ ဆားချက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် အကျဉ်းဦးစီးဌာနမှ ထိုလုပ်ငန်းများ အားလုံးကို ရပ်ဆိုင်းခဲ့ပြီး လုပ်ငန်းရှင်တချို့ကို ယခုအချိန်အထိ ဆက်လက် ငှားရမ်းလုပ်ကိုင်စေခဲ့သည်ဟု လက်မှတ်ရေးထိုး တောင်းဆိုရာတွင် ပါဝင်သော ဒေသခံ တစ်ဦးဖြစ်သူ တောင်သူ ဦးရွှေသန်းမှ ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ ဒေသခံ တောင်သူများသည် စားဝတ်နေရေး မပြေလည်သည့်အတွက် ထိုလယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ရန် လက်မှတ်ရေးထိုး တောင်းဆို ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

### ဒဏ်ခတ်ခံရမှုမရှိခြင်းကို အစိုးရမှ ကိုင်တွယ် ဆောင်ရွက်ရန် နိုင်ငံတကာ ဥပဒေပညာရှင်များ၏ အစီရင်ခံစာတွင် ဖော်ပြထား

မကြာသေးမီက ထုတ်ပြန်ခဲ့သော နိုင်ငံတကာ ဥပဒေပညာရှင်များ ကော်မရှင်၏ အစီရင်ခံစာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စစ်တပ်မှ ဆယ်စုနှစ်များစွာ ဒဏ်ခတ်ခံရမှု မရှိခြင်းကို တိုက်ဖျက်ရန် အစိုးရမှ ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။ ထိုအစီရင်ခံစာမှ ကချင်၊ ကရင်၊ မွန်နှင့် ရခိုင်ပြည်နယ်များအတွင်း ဖြစ်ပွားခဲ့သော အမှု ရှစ်မှု၌ နစ်နာသူများသည် တရားမျှတမှု မရရှိသည်ကို ဖော်ထုတ်ထားပြီး တချို့ အမှုများတွင် နစ်နာသူများ တရားမျှတမှု ရရှိရန် ကြိုးပမ်းခြင်းအတွက် နှောင့်ယှက်ခြင်းခံရသည်ကို ဖော်ပြထားသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ ၁၉၅၉ ကာကွယ်ရေးအက်ဥပဒေနှင့် ၁၉၉၅ ရဲတပ်ဖွဲ့၏ စည်းကမ်း ထိန်းသိမ်းရေး ဥပဒေတို့ကြောင့် စစ်တပ်မှ လူ့အခွင့် အရေး ချိုးဖောက်မှုများကို တာဝန်ခံသည်မှာ ကြုံတောင့်ကြုံခဲဖြစ်သည်။ ထိုဥပဒေများဖြင့် ကာကွယ်ပေးထားခြင်းကြောင့် ဆယ်စုနှစ်များစွာကြာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိပြီး တရားဥပဒေ စိုးမိုးရေးကိုလည်း ပို၍ ဆိုးရွားစေခဲ့သည်။ ထိုအစီ ရင်ခံစာမှ အစိုးရအား ဒဏ်ခတ်မခံရခြင်းကို ကိုင်တွယ် ဆောင်ရွက်ရန်နှင့် နစ်နာသူများ၊ လူ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် သတင်းသမားများအတွက် တရားမျှတမှုနှင့် တရားဥပဒေ စိုးမိုးရေးကို ပြန်လည် ရှာဖွေရေးကို ကူညီရန် တောင်းဆိုခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ ICJ

### ABSDF ၏ လူထုတွေ့ဆုံပွဲ တချို့ဟန့်တားခံရ

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမို ကရက်တစ်တပ်ဦး (ABSDF) ၏ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ (တတိယ အစည်းအဝေး) အကြို လူထုဆွေးနွေးပွဲကို ဒေသခံ အရပ်ဘက် အဖွဲ့အစည်းများ၏ အကူအညီဖြင့် မြို့ကြီးခုနစ်မြို့တွင် ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း တချို့တွေ့ဆုံပွဲများကို အာဏာပိုင်များမှ ဟန့်တားခဲ့ခြင်းကြောင့် ဖျက်သိမ်းခဲ့ရသည်။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် စတင် ကျင်းပ ပြုလုပ်နေသော လူထုဆွေးနွေးပွဲကို ခွင့်ပြုချက်ယူပြီးမှ လုပ်ရန် ပဲခူးတိုင်း နယ်စပ်ရေးရာနဲ့ လုံခြုံရေးဝန်ကြီးမှ လာရောက်ပြောဆို ဟန့်တားခဲ့သည်ဟု ဆွေးနွေးပွဲကို တက်ရောက်ခဲ့သူများမှ ပြောကြားခဲ့သည်။ သို့သော်လည်း ဇန်နဂါရီလ ၁၃ ရက်နေ့အထိ နှစ်ရက်ကြာကျင်းပမည့် အဆိုပါ ဆွေးနွေးပွဲကို တရားဝင်ခွင့်ပြုချက်မရသော်လည်း ဆက်လက်၍ ကျင်းပခဲ့သည်။ ဇန်နဂါရီလ ၁၃ ရက်နေ့တွင် ပြည်မြို့၌ ကျင်းပရန် စီစဉ်ထားသော လူထုဆွေးနွေးပွဲကို ကျင်းပခြင်း မပြုလုပ်မီ ဟန့်တားခြင်းခံခဲ့ရသည်။

ထိုဆွေးနွေးပွဲများကို ပဲခူးမြို့ပေါ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ တောင်ငူမြို့ နယ်များတွင် ကျင်းပစဉ်က ခွင့်ပြုချက်တောင်းခံရန် မလိုဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ ဘီဘီစီ/မြန်မာ

### အမ်းမြို့နယ်တွင် ပြန်လည် စွန့်လွှတ်မြေများ တောင်သူ အများစု မရရှိသေး၍ တွေ့ဆုံ ဆွေးနွေးပွဲ ပြုလုပ်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တွင် တပ်မတော်နှင့် သက်ဆိုင်ရာ ဌာနများမှ ၎င်းတို့ သိမ်းဆည်းခဲ့သည့် လယ်ယာမြေများကို ပြန်လည် စွန့်လွှတ်ခဲ့ပြီးဖြစ်သော်လည်း အမ်းမြို့နယ် မြေယာကော်မတီမှ လုပ်ဆောင်ပေးခြင်းမရှိသဖြင့် တောင်သူအများစုမှာ လယ်ယာမြေများ ပြန်လည် ရရှိခြင်းမရှိသေးပါ။ ထို့ကြောင့် စွန့်လွှတ်လယ်ယာမြေများ မူလပိုင်ရှင် တောင်သူများထံ ပြန်လည်ရရှိရေးအတွက် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ တောင်သူများသည် တွေ့ဆုံ ဆွေးနွေးပွဲ

ပြုလုပ်ခဲ့ပြီး တောင်သူများမှ ရခိုင်ပြည်နယ် အစိုးရနှင့် လယ်ယာမြေ ပြန်လည်ရရှိရေးအတွက် ညှိနှိုင်းကာ တောင်းဆိုသွားမည်ဟု ပြောကြားခဲ့သည်။ အမ်းမြို့နယ်တွင် ၁၉၉၀ ခုနှစ် နောက်ပိုင်း ကတည်းက တောင်သူ သုံးရာကျော်ပိုင်ဆိုင်သော လယ်ယာမြေဧက တစ်သောင်းကျော်သည် သိမ်းဆည်းခြင်းခံခဲ့ရသည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် လယ်သာမြေ သိမ်းဆည်းခဲ့သူများမှ လယ်ယာ မြေဧက ၁၆၀၀ ကျော်ကို ပြန်လည် စွန့်လွှတ်ပေးခဲ့သော်လည်း မူလပိုင်ရှင် တချို့သာ ပြန်လည် ရရှိခဲ့ပြီး တောင်သူ အများစုမှာ မရရှိသေးကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။ ၁၉၉၉ ခုနှစ်တွင်လည်း တပ်မတော်ဘက်မှ လယ်ယာမြေဧက ၃၀၀ ကျော်ကို နှုတ်မိန့်ဖြင့် သိမ်းဆည်းခဲ့ပြီး လျော်ကြေး မပေးခဲ့ကြောင်း၊ ယခုအခါ ပြန်လည် စွန့်လွှတ်ထားသည်ဟု ဆိုသော်လည်း ပြန်လည် မရရှိသးကြောင်း တောင်သူ ဦးလှဌေးမှ ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ လယ်ယာမြေ သိမ်းဆည်းခံရသည့်အတွက် စားဝတ်နေရေး ကျပ်တည်းလျှက်ရှိကြောင်း၊ ထို့ကြောင့် လယ်ယာမြေများကို ပြန်လည် ရရှိလိုပြီး ထိုက်သင့်သော လျော်ကြေးလည်း ပြန်လည် ရရှိလိုသည်ဟု ပြောကြားခဲ့သည်။ အမ်းမြို့နယ် မြေယာကော်မတီ ဥက္ကဋ္ဌဖြစ်သူ၊ အမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်မှ တောင်သူများ စွန့်လွှတ်မြေများကို ပြန်လည် ရယူလိုကြောင်း လျှောက်ထားပါက မူလ တောင်သူများနှင့် လက်ရှိတောင်သူများကို စစ်ဆေးကာ ပေးအပ်သွား မည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ The Voice/မြန်မာ]

**ကျောက်မိုင်းခွဲ၍ ကျောက်ထုတ်လုပ်မှုကြောင့် လယ်ယာမြေများနှင့် သီးနှံ စိုက်ခင်းများ ပျက်စီး၊ ဆုံးရှုံး၍ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်**

မွန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်စက်မှုဇုန်အတွင်းရှိ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံမှ ကျောက်မိုင်းခွဲ၍ ကျောက်ထုတ်လုပ် မှုကြောင့် လယ်ယာမြေများနှင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးနေသည့်အတွက် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဒေသခံများမှ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ မိုင်းခွဲ၍ ကျောက်မှုန့်၊ကျောက်ခဲကျသောကြောင့် ကလေးကျေးရွာ၊ ရေကြည်ကျေးရွာ၊ မှိုင်းပန်ကျေးရွာတို့ရှိ လယ်မြေဧက ၁၀၀ ကျော်သည် ပျက်စီးနေပြီး ဆက်လက် စိုက်ပျိုးရန် အခက်အခဲများ ဖြစ်ပေါ်နေသည်ဟု သတင်းစာရှင်းလင်းပွဲပြုလုပ်သူများမှ ပြောကြားခဲ့သည်။ ထို့ပြင် ဒေသခံ တစ်ဦးဖြစ်သူ ကိုကျော်နိုင်ဝင်းမှ ဒေသခံများသည် ထိုလယ်ယာ မြေများပေါ်တွင် ဆက်လက် စိုက်ပျိုး၍ မရသောကြောင့် သီးနှံ လျော်ကြေးသို့မဟုတ် ထိုလယ်ယာမြေများကို ကာလ တန်ဖိုး သတ်မှတ်၍ ဝယ်စေချင်သည်ဟု ပြောကြားခဲ့သည်။ နစ်နာကြေးပေးရန်အတွက် ကြံ့နှစ်ကောင်ဘိလပ်မြေ စက်ရုံသို့ တင်ပြတောင်းဆိုခဲ့သော်လည်း ညှိနှိုင်းဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် တရားစွဲဆိုမှုများပြုလုပ်သွားမည်ဟု ဒေသခံများက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုသို့ မိုင်းခွဲ၍ ကျောက်ထုတ်လုပ်နေခြင်းကို ၂၀၁၆ ခုနှစ်မှ စတင်၍ အမှတ် (၁) သတ္တုတွင်းဝန်ကြီးဌာနနှင့် သံတော်မြတ်ကုမ္ပဏီတို့ အကျိုးတူဆောင်ရွက်ခဲ့သည်။ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံမန်နေဂျာ ဦးတင်ဝင်းအောင်မှ ဒေသခံများနှင့် ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက်၊ The Voice/မြန်မာ]

**လယ်ယာမြေသိမ်းဆည်းခြင်းနှင့် ပတ်သက်ပြီး ကချင်ရွာသားများ စိုးရိမ်လျှက်ရှိ**

အစိုးရမှ ရွာသားများကြား ဖြစ်ပွားလျှက်ရှိသော လယ်ယာမြေ အငြင်းပွားမှုများကို ဖြေရှင်း ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် ဒေသခံများမှ ဆန္ဒပြသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာမှ ရပ်မိ၊ ရပ်ဖများမှ ပြောကြားခဲ့သည်။ ထို့ပြင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ ပြည် တွင်း အိုးအိမ်မဲ့များမှ မြန်မာ ကုမ္ပဏီများက လယ်ယာမြေများ သိမ်းဆည်းခြင်းနှင့် ပတ်သက်၍ စိုးရိမ်လျှက်ရှိပြီး တရုတ်ကုမ္ပဏီများမှ မြန်မာ ကုမ္ပဏီများကို ငွေကြေးထောက်ပံ့မှုပေးသည်ဟု စွပ်စွဲထားသည်။ ဒေသခံများမှ ၎င်းတို့၏ လယ်ယာမြေများကို ငှက်ပျောစိုက်ခင်းများ ချဲ့ထွင်နေခြင်းမှ ကာကွယ်ရန် မည်သူမျှ ကူညီမှု မပေးနိုင်မည်ကို စိုးရိမ်လျှက်ရှိသည်။
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ အီလဲဗင်း]
[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ Frontier]

**ကရင်လူထု တွေ့ဆုံပွဲကျင်းပခွင့်မရ**

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားသော ကရင်အမျိုးသား အစည်းအရုံး (KNU) အပါအဝင် ကရင် လက်နက်ကိုင်အဖွဲ့များ၊ ပါတီများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းထားသည့် အဖွဲ့မှ ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့နှင့် တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့တို့တွင် ပြုလုပ်မည့် ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲအကြို လူထုတွေ့ဆုံပွဲကို ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့မှ ခွင့်ပြုခဲ့ခြင်း မရှိ၍ ကျင်းပခွင့် မရရှိကြောင်း သိရှိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-၂၁ ရာစု ပင်လုံ အစည်းအဝေးများတွင် ကရင်လူထု၏ လိုလားချက်များကို ထပ်မံတင်ပြနိုင်ရေးအတွက် လူထု သဘောထား ရယူရန် ကရင် အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲကျင်းပရေး ကော်မတီ (KNDCC) မှ လူထုတွေ့ဆုံပွဲများကို ကရင်၊ မွန်၊ ကရင်နီ (ကယား) ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီ တိုင်း၊ အထက်မြန်မာပြည်နှင့် နယ်စပ်ဒေသများ အပါအဝင် ကရင်လူမျိုးများ နေထိုင်ရာ ဒေသများတွင် ပြုလုပ်ရန် စီစဉ်ထားသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ 7 Day Daily/မြန်မာ

## သိမ်းဆည်းခံ လယ်ယာမြေများနှင့်ပတ်သက်၍ တောင်သူများ သတင်းစာ ရှင်းပွဲပြုလုပ်

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည် ညောင်ပင် ကျေးရွာနှင့် ရွေးစုကျေးရွာတို့မှ တောင်သူများသည် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး သိမ်းဆည်းခံထားရသော လယ်ယာမြေများကို တစ်လအတွင်း ပြန်လည် စွန့်လွှတ်ခြင်းမရှိပါက ဝင်ရောက် ထွန်ယက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗဟို မီးသတ်သင်တန်းကျောင်းဖွင့်ရန်အတွက် ၁၉၉၇ ခုနှစ်တွင် တောင်သူ ၂၈ ဦးပိုင်ဆိုင်သော လယ်ယာမြေဧက ၁၇၇.၃၁ ဧကကို လျော်ကြေးမပေးဘဲ သိမ်းဆည်းခဲ့သည်။ ထိုသို့ သိမ်းဆည်းခဲ့ပြီးသည့်နောက်ပိုင်းတွင် စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးကျောင်းမှ ထိုလယ်ယာမြေများကို ပြန်လည် ရယူခဲ့သည်။ သိမ်းဆည်းထားသော လယ်ယာမြေများအနက်မှ လယ်ယာမြေဧက ၁၀၀ ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်းမြောင်းဝန်ကြီးမှ ပြန်လည်ပေးအပ်မည်ဟု ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိပါ၊ တောင်သူများသည် ထွန်ယက်စိုက်ပျိုးရန် မြေမရှိ၍ ကြုံရာလုပ်ကိုင်စားသောက်နေရသည်မှာ အနှစ် နှစ်ဆယ်ကျော်ကြာပြီဖြစ်ကြောင်း မြေသိမ်းခံထားရသော တောင်သူ တစ်ဦးဖြစ်သူ ဦးခင်ဦးမှ ပြောကြားခဲ့သည်။

သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည် ရရှိရေးအတွက် ၂၀၁၂ ခုနှစ်ကတည်းက နိုင်ငံတော် သမ္မတ အပါအဝင် ဝန်ကြီးဌာနအသီးသီးကို စာတင်ပြခဲ့သော်လည်း တစ်စုံတစ်ရာ ဖြေရှင်းပေးခြင်း မရှိခဲ့ပါ။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ မြန်မာတိုင်း/မြန်မာ

## တိုင်ကြားစာ ပေးပို့မည့် လက်ပံတောင်းတောင် ကာကွယ်စောင့်ရှောက်ရေး ကော်မတီ အဖွဲ့ဝင်များကို တားဆီး

လက်ပံတောင်းတောင် စုံစမ်း စစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို ဦးပိုင်ကုမ္ပဏီနှင့် တရုတ်ပိုင် ဝမ်ပေါင်ကုမ္ပဏီတို့မှ လိုက်နာမှု မရှိကြောင်းရေးသားထားသည့် တိုင်ကြားစာကို ပေးပို့ရန်အတွက် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် လက်ပံတောင်းတောင် ကာကွယ်စောင့်ရှောက်ရေး ကော်မတီ အဖွဲ့ဝင် ဒေါ်နော်အုန်းလှအပါအဝင် ကော်မတီအဖွဲ့ဝင် ၂၀ ဦးခန့်သည် တရုတ်သံရုံးသို့ သွားရောက်ခဲ့သော်လည်း ရဲတပ်ဖွဲ့မှ တားဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့သည် ရန်ကုန်မြို့တော်ခန်းမရှေ့မှ စတင်ပြီး ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ ဒဂုံမြို့နယ်များကို ဖြတ်ကျော်၍ တရုတ်သံရုံးအထိ ငြိမ်းချမ်းစွာချီတက် လမ်းလျှောက်ခဲ့ပြီး၊ တရုတ်သံရုံးရှေ့အရောက် ယင်းကဲ့သို့ တားမြစ်ခံခဲ့ရခြင်းဖြစ်သည်။ ဒဂုံမြို့နယ်၊ ရဲတပ်ဖွဲ့မှူးမှ တိုင်ကြားစာကို နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တစ်ဆင့်ပေးပို့ရန် ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ယင်းတိုင်ကြားစာကို နေပြည်တော်ရှိ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ နေအိမ်သို့ သွားရောက် ပေးပို့ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တားဆီးမှုကြောင့် တွေ့ခွင့်မရခဲ့ဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ စာပေးပို့ခဲ့ရသည်။ ၎င်းပြင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ယင်း တိုင်ကြားစာကို တရုတ် သံရုံးသို့ သွားရောက် ပေးပို့ခဲ့သော်လည်း သံရုံးမှ လက်ခံခဲ့ခြင်း မရှိခဲ့ပါ။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာကို ဦးပိုင်ကုမ္ပဏီနှင့် ဝမ်ပေါင်ကုမ္ပဏီတို့မှ လိုက်နာရန် ပျက်ကွက်သည့်အတွက် စုံစမ်းစစ်ဆေး၍ အရေးယူပေးရန် ဒေါ်နော်အုန်းလှ ဦးဆောင်သော လက်ပံတောင်းတောင် ကာကွယ်စောင့်ရှောက်ရေးကော်မတီမှ ကြိုးပမ်းနေခြင်းဖြစ်သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်၊ 7 Day Daily/မြန်မာ

## မယ်ဥတောင်ကြိုးပြင်ကာကွယ်တောအဖြစ် ပါဝင်သွားသည့် ယာမြေများပယ်ဖျက်ပေးရန် ဒေသခံများတောင်းဆို

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မယ်ဥတောင်ကြိုးပြင်ကာကွယ်တော အဖြစ်ပါဝင်သွားသည့် ဂန္ဓမာကျေးရွာအုပ်စုနှင့် အကျံယ်ကျေးရွာအုပ်စုတို့ရှိ လယ်ယာမြေဧက ၂၀၀ ကျော်အား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် ဒေသခံများမှ တောင်းဆိုလျှက်ရှိသည်။ အဆိုပါ ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေများကို ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနမှ ကွင်းဆင်းတိုင်တာကာ ၁၉၀၇ ခုနှစ်မှ စတင်၍ တောင်သူအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ် ဧရိယာဧကများ သတ်မှတ်ပေးခဲ့ခြင်းကြောင့် ဘိုးဘွားစဉ်ဆက် စိုက်ပျိုးစားသောက်ခဲ့ကြရာ ယနေ့အချိန်ထိဖြစ်ကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ၂၀၁၃ ခုနှစ်၌ ထိုလယ်ယာမြေများကို မယ်ဥတောင်ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရ၍ ဒေသခံများမှ လက်မခံဘဲ ပြန်လည် ပယ်ဖျက်ပေးရန်အတွက် သက်ဆိုင်ရာ အဆင့်ဆင့်ကို တင်ပြတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ တင်ပြတောင်းဆိုခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး၊ ခရိုင်မြေစာရင်း ဦးစီးမှူး တို့ပါဝင်သည့် အဖွဲ့မှ လာရောက်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ဒေသခံများနှင့်တွေ့ဆုံ၍ သစ်တောမြေမှ ပြန်လည်ပယ်ဖျက်ပေးမည်ဟုဆိုကာ လက်မှတ်

များ ကောက်ခံသွားခဲ့သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ ဒေသခံတစ်ဦးဖြစ်သူ ဦးသန်းဝေမှ ၎င်းတို့ ဘိုးဘွား စဉ်ဆက်မှ စ၍ ၎င်းတို့ လက်ထက်အထိ ထိုလယ်ယာမြေများပေါ်တွင် စိုက်ပျိုး လုပ်ကိုင်လျက်ရှိပြီး ထိုလယ်ယာမြေများကို သစ်တော မြေအဖြစ် သတ်မှတ်လျှင် မည်သည့်နေရာတွင် လုပ်ကိုင်စား သောက်ရမည်ကို မသိရှိပါဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လွှတ်တော်၌ ပုသိမ်ကြီးမြို့နယ်၊မဲဆန္ဒနယ် အမှတ်(၂) မှ လွှတ်တော် ကိုယ်စားလှယ် ဦးရဲမင်းဦးက တောင်သူများ လက်ရှိ လုပ်ကိုင်စားသောက်လျက်ရှိသော ယာမြေ၊ ကိုင်းမြေ၊ ပေါက်မြေများကို မယ်ဥတောင် ကြိုးပြင်ကာကွယ်တောမြေ အဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊မရှိ မေးမြန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးမျိုးသစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်မရှိကြောင်း ပြန်လည်ဖြေကြားခဲ့ သည်။

လက်ရှိစိုက်ပျိုးလုပ်ကိုင်စားသောက်လျှက်ရှိသည့် လယ်ယာမြေ များကို မယ်ဥတောင်ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန်အတွက် ဒေသခံတောင်များက လက်မှတ်များ ရေးထိုး၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ဇန်နဝါရီလ ၂၃ ရက်နေ့၌ တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ထို့ပြင် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဒေသခံ တောင်သူများမှ သတင်းစာရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်ခဲ့ပြီး ၎င်းတို့ စိုက်ပျိုးလုပ်ကိုင်လျှက်ရှိသည့် လယ်ယာမြေများကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခဲ့ခြင်းကို ပယ်ဖျက်ပေး ရန်နှင့် လယ်ယာ လုပ်ကိုင်ခွင့် ပုံစံ ၇ ချထားပေးရန် တောင်းဆို ခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်၊ The Voice/မြန်မာ

**ချင်းပြည်နယ်အတွင်း သတင်းသမားများ သတင်း အချက် အလက်ရရှိရေး အခက်အခဲများနှင့် ကြုံတွေ့နေ**

ချင်းပြည်နယ်အခြေစိုက် ဒေသတွင်း မီဒီယာများသည် ချင်းပြည်နယ် အစိုးရနှင့် ဌာနဆိုင်ရာများထံမှ သတင်း အချက်အလက်များ တောင်းယူရာတွင် ပြည့်စုံသော သတင်း အချက်အလက်များ ရရှိခြင်းမရှိသည့်အတွက် အခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟု ချင်းပြည်နယ် အခြေစိုက် မီဒီယာ သမားများမှ ပြောကြားခဲ့သည်။

ထို့အပြင် ဟားခါးပိုစ့် သတင်းစာ အယ်ဒီတာချုပ် ကိုပါဘွေးမှ ချင်းပြည်နယ် လွှတ်တော်သတင်းများ ရယူရန်အတွက် ချင်းပြည်နယ် မီဒီယာများသည် ချင်းပြည်နယ် လွှတ်တော် အတွင်းသို့ ဝင်ခွင့်မရရှိပါ၊ ရုပ်မြင်သံကြားလည်း ထားရှိပေးခြင်း မရှိ၍ သတင်းများရရှိရန် အခက်အခဲများနှင့် ကြုံတွေ့နေရ သည်ဟု ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ

**ဦးကိုနီ လုပ်ကြံခံရခြင်းအတွက် တရားခွင် ကြားနာ စစ်ဆေးမှု**

ထင်ရှားသော ရှေ့နေ တစ်ဦးဖြစ်သူ ဦးကိုနီ လုပ်ကြံ သတ်ဖြတ်ခြင်း ခံခဲ့ရသည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း အမှုအခြေအနေ အနည်းငယ်သာ တိုးတက်မှုရှိခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြည်ထဲရေး ဝန်ကြီးဌာနမှ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး ကျူးလွန်သူများနှင့် ၎င်းတို့၏ ရည်ရွယ်ချက်များ အပါအဝင် စုံစမ်း စစ်ဆေးမှုများ ပြုလုပ်နေသည်ကို မြန်မာ့ အလင်းသတင်းစာ၏ မျက်နှာဖုံး ဆောင်းပါး ဖော်ပြထားမှုကို ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ရန်ကုန် မြောက်ပိုင်းခရိုင် တရားရုံးမှ သက်သေ အထောက် အထားအဖြစ်လက်ခံရန် ဆုံးဖြတ် ခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့ ရုံးချိန်းတွင် ကိုအောင်ဝင်းဇော်မှ သတင်းထောက် များအား ထမင်းဝအောင်စားထား ဟု ပြောကြားခဲ့ကြောင်း တရားလို ရှေ့နေ ဦးရောဘတ်စန်းအောင်မှ စွပ်စွဲခဲ့သည့်အတွက် ဇန်နဝါရီလ ၁၉ ရက်နေ့ တရားခွင် ကြားနာ စစ်ဆေးမှု ပြီးဆုံးပြီးနောက် တရားခံ ဦးအောင်ဝင်းဇော်မှ တရားလို ရှေ့နေ ဦးရောဘတ်စန်းအောင်နှင့် တရားလို သက်သေ ကိုအောင်စိုး တို့ကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေ၊ ပုဒ်မ ၈ (စ) တရားစွဲဆိုမည်ဟု ပြောကြားခဲ့ သည်။ ဇန်နဝါရီလ ၂၅ ရက်နေ့ အကြိမ် လေးဆယ်မြောက် တရားခွင် ကြားနာမှုတွင် ကိုအောင်ဝင်းဇော်မှ ၎င်း၏ ညီဖြစ်သူ ကိုအောင်ဝင်းခိုင် သည် လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ပတ်သက်၍ ခိုင်းစေခြင်းမပြုခဲ့ပါဟု ပြောကြားခဲ့သည်။ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ၎င်းတို့ကို ထပ်မံ၍ ရုံးထုတ် စစ်ဆေးခဲ့ပြီး ကိုအောင်ဝင်းဇော်နှင့် ကိုအောင်ဝင်းထွန်းတို့မှ တရားရုံးတွင် သက်သာခွင့် လျှောက်ထားပြီး အပြစ်မရှိကြောင်း လျှောက်လဲခဲ့ကြသည်။ ကိုအောင်ဝင်းခိုင်သည် ဇန်နဝါရီလ ၂၀၁၇ ခုနှစ် လုပ်ကြံ သတ်ဖြတ်မှုတွင် နောက်ကွယ်မှ ကြိုးကိုင် စေခိုင်းခဲ့သူအဖြစ် စွပ်စွဲခံထားရပြီး ထွက်ပြေး တိမ်းရှောင်နေဆဲဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရှေ့နေ ဦးကိုနီသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ရောဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ရောဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ရောဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ ရောဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ မြန်မာတိုင်း

**ငွေဆောင်ဟိုတယ် စီမံကိန်းအတွက် သိမ်းဆည်းခံထားရသော မြေယာများနှင့် ပတ်သက်ပြီး ဒေသခံ တောင်သူများ ဆန္ဒထုတ်ဖော်**

ဧရာဝတီတိုင်း ဒေသကြီး၊ ငွေဆောင်မြို့တွင် ငွေဆောင်ဟိုတယ်ဇုန် စီမံကိန်းအတွက် သိမ်းဆည်းခံထားရသော မြေယာများအနက် အသုံးမပြုသော မြေယာများ ပြန်လည်ရရှိရန်နှင့် အသုံးပြုပြီးသော မြေယာများအတွက် ထိုက်တန်သော လျော်ကြေးရရှိရန် ဒေသခံ တောင်သူ ၇၀ ဦးခန့်မှ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။ အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် ဒေသခံ တောင်သူများမှ သိမ်းဆည်း ခံထားရသော မြေယာများ ပြန်လည် ရရှိရေး၊ သိမ်းဆည်းထားသော မြေယာများအတွက် လျော်ကြေး ရရှိရေး၊ ဟိုတယ် အဆောက်အဦးအသစ်များ ထပ်မံဆောက်ရေး၊ မြေယာစိစစ်ရေး ကော်မတီ၏ စီစစ်ချက်များကို အမြန်ဆုံး အကောင် အထည်ဖော်ဆောင်ရွက်ပေးရေး၊ ပြည်သူများ၏ ကန့်ကွက်ချက်များအား အလေးထားပေးရေး စသည့် ကြွေးကြော်သံများ၊ ဗွီနိုင်းဆိုင်းဘုတ်များကို ကိုင် ဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

၂၀၀၀ ခုနှစ် တွင် ဒေသခံ တောင်သူ ၂၄၈ ဦးထံမှ အုန်းခြံမြေ ၃၁၅ ဧကကို လျော်ကြေးမပေးဘဲ သိမ်းဆည်းခဲ့ပြီး ထိုမြေအတွင်းတွင် စိုက်ပျိုးထားသော အုန်းပင် တစ်ပင်အတွက် ၄၅၀၀ ကျပ်နှုန်းဖြင့် သီးနှံ လျော်ကြေးပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အစိုးရမှ ထိုမြေယာများကို မူလပိုင်ဆိုင်သော ဒေသခံ တောင်သူများထံ ပြန်လည် ပေးအပ်ရန် ညွှန်ကြားထားခဲ့သော်လည်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဟိုတယ်များ ဆက်လက်တည်ဆောက်လျက်ရှိကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ဒေသခံ တောင်သူ ဦးတင်ထူးမှ မြေယာများ သိမ်းဆည်းခံထားရသည့်အတွက် လူမှုရေး၊ ပညာရေးများ ဆုံးရှုံးခဲ့သော ကြောင့် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

အသုံးမပြုသော မြေယာများ ပြန်လည် ရရှိရေး၊ မြေယာလျော်ကြေးနှင့် သီးပင်၊ စားပင်များအတွက် လျော်ကြေးရရှိရန်အတွက် ၂၀၁၁ ခုနှစ်ကတည်းက ဒေသခံ တောင်သူများမှ တောင်းဆိုလျက်ရှိသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ

**မြေစာရင်းဦးစီးဌာနမှ မြေနေရာအတိအကျ တိုင်းပေးခြင်း မရှိသဖြင့် တောင်သူများ လယ်လုပ်ခွင့်ဆုံးရှုံး**

ပဲခူးတိုင်းအနောက်ခြမ်း၊ နတ္တလင်းမြို့နယ်၊ ပဒတ်ကုန်းကျေးရွာအုပ်စု၊ ကွင်းသာကျေးရွာမှ တောင်သူလေးဦးသည် မြေစာရင်းဦးစီးဌာနမှ မြေနေရာအတိအကျ တိုင်းတာပေးခြင်းမရှိသည့်အတွက် လက်ရှိအချိန်ထိ လယ်လုပ်ခွင့် ဆုံးရှုံးနေရသည်။ ထိုလယ်ယာမြေများအတွက် ၂၀၁၃ ခုနှစ်တွင် မြေစာရင်းဦးစီးဌာနမှ ပုံစံ (၇) ထုတ်ပေးခဲ့သော်လည်း မြေစာရင်း ဦးစီးဌာနမှ မြေနေရာကို အတိအကျ တိုင်းတာပေးခြင်းမရှိသဖြင့် လယ်လုပ်၍ မရသေးပါဟု ကွင်းသာ ကျေးရွာမှ တောင်သူတစ်ဦးမှ ပြောကြားခဲ့သည်။ ထို့ကြောင့် မြေနေရာ တိကျစွာ တိုင်းတာပေးရန်တွက် မြို့နယ်ကို စာပြန်တင်ထားကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ

**မြေသိမ်းခံရသူများအတွက် ဥပဒေအရ အာမခံချက်ပါသည့် မြေသိမ်းဥပဒေကို နိုင်ငံတကာ စံချိန်၊ စံညွှန်းများအတိုင်း ရေးဆွဲထားဟု ပြောကြား**

မြေသိမ်းခံ ပြည်သူများအတွက် ဥပဒေကြောင်းအရ အာမခံချက်ပါသည့် မြေသိမ်းဥပဒေကို နိုင်ငံတကာ စံနှုန်းနှင့် အညီ ရေးဆွဲထား ကြောင်း အမျိုးသား လွှတ်တော်၊ တောင်သူ လယ်သမားရေးရာ ကော်မတီ ဥက္ကဋ္ဌ ဦးဘမျိုးသိန်းမှ မြန်မာတိုင်းသတင်းဌာနသို့ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထိုဥပဒေကို ၂၀၁၇ ခုနှစ်အတွင်းက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး မြေသိမ်းခံ ပြည်သူများအနေဖြင့် ဥပဒေအကြောင်းအရ လျော်ကြေး၊ နစ်နာကြေးစသည့် အကျိုးခံစားခွင့်များရရှိမည်ဟုလည်း ပြောကြားခဲ့သည်။ မြေသိမ်းယူရန်အတွက် ယခု ဥပဒေကြမ်းကို နိုင်ငံတကာ မြေသိမ်းဥပဒေစံနှုန်းများနှင့် ကိုက်ညီအောင် ရေးဆွဲထားခြင်းဖြစ်သော်လည်း ပြည်သူများ နစ်နာမှုမရှိစေရန် ပြန်လည် ကုစားခြင်းများ ပါဝင်ကြောင်း ၎င်းမှ ဆက်လက် ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ မြန်မာတိုင်း/မြန်မာ

**ပညာရေးအသုံးစရိတ် တိုးမြှင့်ပေးရန် ကျောင်းသားများ ဆန္ဒပြတောင်းဆို**

ဇန်နဝါရီလ ၂၀ ရက်နေ့နှင့် ဇန်နဝါရီလ ၂၁ ရက်နေ့တို့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ(ABFSU)၏ တက္ကသိုလ် ကျောင်းသားသမဂ္ဂများ ပညာရေးနှီးနှော ဖလှယ်ပွဲကို မွန္တလေးမြို့၊ ရတနာပုံတက္ကသိုလ်၊ ပြည်ထောင်စုခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး ပညာရေး အသုံးစရိတ် တိုးမြှင့်ရေး တိုက်ပွဲ ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် စတင်၍ ရတနာပုံ တက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ABFSU မှ ဦး ဆောင်၍ တက္ကသိုလ် ပေါင်းစုံမှ ကျောင်းသူ၊ ကျောင်းသားများမှ ပညာရေး အသုံး စရိတ် တိုးမြှင့်ပေးရန် ဆန္ဒပြ တောင်းဆိုလျက်ရှိသည်။ ထို့ပြင် ကျောင်းတွင်းအဆောင်များ ဆောက်လုပ်ပေးရန်၊ ကျောင်းတွင်း သင်ထောက်ကူပစ္စည်း လုံလောက်စေရန် စသည့် အချက်များကိုလည်း တောင်းဆိုခဲ့ကြသည်။ ကာကွယ်ရေး အသုံးစရိတ်သည် ပညာရေးနှင့် ကျန်းမာရေး အသုံး စရိတ်နှစ်ခုပေါင်းထက် များပြားနေသောကြောင့် ထိုကဲ့သို့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်။ ကျောင်းသားခေါင်းဆောင်များမှ အာဏာပိုင်များနှင့် ကျောင်းသားများ ဆွေးနွေးညှိနှိုင်းသည့်တိုင်အောင် ဆန္ဒပြသွားမည်ဟု ပြောကြားခဲ့သည်။ ပညာရေးဝန်ကြီးဌာနနှင့် ABFSU တို့ ဆွေးနွေး ညှိနှိုင်းခဲ့ကြသော်လည်း ကျောင်းသားများ တောင်းဆို

မှုများကို သဘောတူ၊ မတူ ဆုံးဖြတ်ပေးနိုင်မည့်သူ မပါခြင်းကြောင့် ပြေလည်မှု မရရှိခဲ့ပါ။ ထို့ကြောင့် ကျောင်းသားများမှ ဆုံးဖြတ်ပေးနိုင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်သည်အထိ ဆက်လက်၍ ဆန္ဒပြသွားမည်ဖြစ်ပြီး ပညာရေးအသုံးစရိတ် တိုးမြှင့်ပေးရေး တိုက်ပွဲကော်မတီဝင်သုံး ဦးမှ အစာငတ်ခံ ဆန္ဒပြမည်ဟု ရတနာပုံတက္က သိုလ်ကျောင်းသား ကိုရဲမျိုးဆွေမှ ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၂၅ ရက်နေ့၊ နံနက် လေးနာရီခွဲတွင် မန္တလေးရတနာပုံတက္ကသိုလ်မှာ ဆန္ဒထုတ်ဖော်နေကြတဲ့ သပိတ်စခန်းကို အာဏာပိုင် များမှ ဝင်ရောက်ဖြိုးခွင်းခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၇၂ ဦးကို ထိန်းသိမ်းခဲ့သည်။ ထို့နောက် ကျောင်းသားများအား ၎င်းတို့နေထိုင်ရာ မြို့နယ်၊ ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများမှ တဆင့် ၎င်းတို့ မိဘများထံ ပြန်လည်အပ်နှံခဲ့သည်။ ဆန္ဒပြမှုအား ရပ်တန့်ရန် အာဏာပိုင်များမှ ကျောင်းသားများအား ဖိအားပေး၍ လက်မှတ်ရေးထိုးစေခဲ့သော်လည်း ကျောင်းသားများမှ လက်မှတ်ရေးထိုးခဲ့ခြင်း မပြု ခဲ့ပါ။ ထို့ပြင် ကျောင်းသား အယောက် လေးဆယ်ခန့်ကို အကန့်အသတ်မရှိ ကျောင်းတက်ခွင့် ရပ်နားခဲ့သည်။

ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျောင်းသူ၊ ကျောင်းသား ၁၀၀ ကျော်မှ ကျောင်းထုတ်ခံထားရသူများကို ကျောင်းပြန်တက်ခွင့်ပေးရန်၊ ပညာရေးအသုံးစရိတ် အမြန်ဆုံး တိုးမြှင့်ပေးရေးရန်၊ သက်ဆိုင်ရာအစိုးရနှင့် လွှတ်တော်ကို တင်ပြပေးရန်နှင့် ဆက်လက်ပြီး ကျောင်းထုတ်နေမှုများကို ရပ်တန့်ပေးရန် တောင်းဆိုခဲ့ကြသည်။ သက်ဆိုင်ရာ ပါမောက္ခ ဒေါက်တာစောပြုံးနိုင်နှင့် ကျောင်းသားသမဂ္ဂခေါင်းဆောင် သုံးဦးတို့ တွေ့ဆုံ ညှိနှိုင်းဆဲဖြစ်သော်လည်း ကျောင်းသားများမှ ၎င်းတို့၏ တောင်းဆိုချက်များ မရမချင်း ဆက်လက် တိုက်ပွဲဝင်သွားမည်ဟု သိရှိရသည်။ ထိုဆန္ဒပြမှုသည် ၂၀၁၆ ခုနှစ်၊ အစိုးရသစ် အာဏာရရှိလာပြီးကတည်းက ကျောင်းသားများ ပထမဦးဆုံးအကြိမ် ဆန္ဒပြမှုဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ အီလဲဗင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ Asia Correspondent
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ အီလဲဗင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဘန်ကောက်ပို့
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ အီလဲဗင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ Eleven/မြန်မာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ 7 Day Daily/မြန်မာ

**တောင်ကြီးမြို့ ရွှေမောင်းတောင်ပေါ်တွင် ကျူးကျော်နေထိုင်သူများကို တရားစွဲဆိုမည်**

ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့ရှိ ရွှေမောင်းတောင်ပေါ်တွင် ကျူးကျော်နေထိုင်ကြသူများကို တရားစွဲဆိုရန် စာရင်းများ ကောက်ယူ ထားပြီဖြစ်ကြောင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေး ကော်မတီမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးကိုမှ ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ ညှိနှိုင်းမှုများ ပြုလုပ်သွားမည်မဟုတ်ဘဲ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးမှ ကျူးကျော်နေထိုင်သူ အိမ်ထောင်စု ၁၂၀ သည် စာရင်းအတွင်းရှိနေပြီး တရားစွဲဆိုသွားမည်ဟု ပြောကြားခဲ့သည်။

၁၉၉၃ ခုနှစ်မှ စတင်ကာ သစ်တောရေးရာ ဝန်ကြီးဌာနမှ တောင်ကြီးမြို့နယ်၊ ရွှေမောင်းတောင်ရှိ မြေဧက ၅၃၀ ကို ကြိုးဝိုင်း သစ်တော အဖြစ် ကင်းလွတ်ခွင့်ပြုခဲ့ပြီးသည့်နောက်ပိုင်း ရှမ်းပြည်နယ် အစိုးရမှ ၁၁၄ ဧက ကို တောင်ကြီး တက္ကသိုလ်၊ ကုန်းလမ်းပို့ဆောင်ရေး ရုံး အတွက် ငါးဧကနှင့် အခြား အိမ်ရာ စီမံကိန်းများအတွက် မြေနေရာ အသီးသီးချထားပေးခဲ့သည်။ ရွှေမောင်း တောင်ပေါ်တွင် နေထိုင် ကြသူများမှ ရွှေမောင်းတောင်ပေါ်တွင် ၎င်းတို့ ချုံနွယ် ခုတ်ထွင် ရှင်းလင်းပြီး စိုက်ပျိုး လုပ်ကိုင်လာသည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော်ရှိပြီးဖြစ်သည့်အတွက် လက်ရှိ အပြောင်းအလဲများကြောင့် ထိခိုက်နစ်နာမှုများကို နိုင်ငံတော် အတိုင်ပင်ခံရုံးအပါအဝင် သမ္မတရုံးနှင့် ဌာနဆိုင်ရာအသီးသီးကို တိုင်ကြားထားသည်ဟု ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ မြန်မာတိုင်း/မြန်မာ

**ပန်းတောင်းမြို့နယ်အတွင်းရှိ လယ်ယာမြေများပေါ်တွင် ရေနံစမ်းသပ်ရှာဖွေနေခြင်းများကို ကန့်ကွက်ကြောင်း ဒေသခံများ ဆန္ဒထုတ်ဖော်**

ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပန်းတောင်းမြို့နယ်အတွင်းရှိ ဇရပ်လှ၊ တောင်ဘို့ကြီး၊ ရပ်သာ၊ တလုပ္ပင်ရွာများမှ တောင်သူလေးဆယ်ခန့်မှ ပဲခူးတိုင်း ဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်အတွင်းရှိ လယ်ယာမြေများပေါ်တွင် ရေနံစမ်းသပ်ရှာဖွေနေခြင်းများကို ကန့်ကွက်ကြောင်း ပြည်မြို့၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်မှုအပြီးတွင် တောင်သူများမှ ပဲခူးတိုင်း ဝန်ကြီးချုပ် ဦးဝင်းသိန်းထံ ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးထားသော စာရင်းနှင့် ရေးသားထားသော စာများကို ပေးပို့ခဲ့သည်။ အဆိုပါ ကျေးရွာများအပါအဝင် ပန်းတောင်းမြို့နယ်အတွင်း ရေနံ စမ်းသပ်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတောင်သူ များက ကန့်ကွက်မှုများကြောင့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပဲခူးတိုင်း ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများမှ လာရောက် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ

**ကျောက်ဖျာ မြို့သစ်စီမံကိန်းအတွက် သိမ်းယူထားသော မြေယာများကို ပြန်ပေးရန် အစီအစဉ်မရှိ**

ဇန်နဝါရီလ ၂၄ ရက်နေ့၊ တနင်္သာရီတိုင်း လွှတ်တော် အစည်းအဝေးတွင် ကျောက်ဖျာ မြို့သစ်စီမံကိန်းအတွက် သိမ်းယူထားသည့် မြေယာများကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်းကို တနင်္သာရီမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေမှ မေးမြန်းခဲ့သည်။ တနင်္သာရီတိုင်း အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းမှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် ရပ်ဆိုင်းထားသော ကျောက်ဖျာမြို့သစ် စီမံကိန်းအတွက် သိမ်းယူထားသည့် မြေယာများကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိဘဲ မြို့သစ်ကို ဆက်လက် အကောင်ထည်ဖော်သွားမည်ဟု ဖြေကြားခဲ့သည်။ ထို့ပြင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးပုဒ်မ ၃၉ အရ မူလတောင်သူ တစ်ထောင်ကျော် ပိုင်ဆိုင်သော လယ်ယာမြေဧက ၅ ထောင်ကျော်ကို မြို့သစ် တည်ဆောက်ရေး အဆောက်အဦးမြေအဖြစ် သတ်မှတ်ထားသည်ဟု ဝန်ကြီး ဦးဖြိုးဝင်းထွန်းမှ ဖြေကြားခဲ့သည်။

ကျောက်ဖျာ မြို့သစ်စီမံကိန်းကို ၂၀၀၄ ခုနှစ်ကတည်းက အကောင်ထည်ဖော်ရန်အတွက် အစိုးရမှ မြေများကို သိမ်းယူခဲ့ပြီး မြို့သစ် အကောင်အထည်ဖော်ရေး ကော်မတီ ဖွဲ့စည်းခဲ့သော်လည်း ပြီးခဲ့သည့် အစိုးရလက်ထက် အထိ စီမံကိန်းကို စတင်နိုင်ခြင်းမရှိခဲ့ပါ။ တနင်္သာရီမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေမှ သိမ်းဆည်းထားသော လယ်မြေများအတွက် လျော်ကြေးယူ ထားသည့် တောင်သူ အနည်းငယ်သာရှိပြီး အများစုမှာ လျော်ကြေးမယူရသေးပါဟု ပြောကြားခဲ့သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အစိုးရ လက်ထက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် လုပ်ငန်းရှင်များ ပါဝင်သော ကျောက်ဖျာ မြို့သစ် စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းထားသည်ဟု ဝန်ကြီး ဦးဖြိုးဝင်းထွန်းမှ ဖြေကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊လွတ်လပ်သော အာရှအသံ/မြန်မာ

**ရထားလမ်းဖောက်လုပ်သည့်ဧရိယာအတွင်း ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေးငွေ ပေးအပ်မည်**

ပခုက္ကူ-ကြံခင်းနှင့် မင်းဘူး-အမ်း ရထားလမ်းဖောက်လုပ်သည့် ဧရိယာအတွင်း ပါဝင်သွားခဲ့သော လယ်ယာမြေများအတွက် လယ်သမားများကို လျော်ကြေး ပေးအပ်သွားမည်ဖြစ်ကြောင်း ဆယ်သွယ်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေး ဝန်ကြီး ဦးကျော်မျိုးမှ ပြောကြားခဲ့သည်။ မကွေးတိုင်း ဒေသကြီး၊ မင်းဘူးမြို့နယ်တွင်း

တွင်းရှိ လယ်ယာမြေ ၂၂၉၂.၁၆ ဧကအတွက် လယ်သမားများသည် လျော်ကြေးငွေ ၃.၂၄ ဘီလီယံကျပ် ရရှိမည်ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေသဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့သည် ကန်ရေးကျေးရွာအုပ်အတွင်းရှိ လယ်ယာမြေများအတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခဲ့ကြပြီး ယခုနှစ်တွင်လည်း ထိခိုက်နစ်နာခဲ့သော ကျေးရွာ အုပ်စု လေးခုအတွက် လျော်ကြေးပေးရန် ဆုံးဖြတ်သွားမည်ဖြစ်သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ Global New Light

## ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းကို ပြင်ဆင်ပေးရန် ကချင်မြေယာအရေး လှုပ်ရှားသူများ တောင်းဆို

၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်း အပေါ် ကချင်ပြည်နယ်အတွင်းရှိ မြေယာနှင့် ပတ်သက်သော တောင်သူများ၊ နေရပ်စွန့်ခွာ စစ်ဘေး တိမ်းရှောင်သူများ၊ မြေယာအရေး လုပ်ဆောင်နေသော အရပ်ဘက် အဖွဲ့အစည်းများ၏ သဘောထားအမြင် လှုပ်ရှားသူများ သဘောထားအမြင် အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းကို ပြင်ဆင်ပေးရန် တောင်းဆိုခဲ့သည်။ ထိုဆွေးနွေးပွဲကို ဦးဆောင်သူ ဦးဆိုင်းလီမှ မြေသိမ်း ဥပဒေကြမ်းသည် ပြည်သူများ၏ မြေယာကို မတရား သိမ်းဆည်းမှု ဖြစ်စေနိုင်သည့် အပြင် နစ်နာသူများကို ပြန်လည် ခုခံရန် အခွင့်အရေး ပေးထားခြင်း မရှိသည့်အတွက် ပြင်ဆင်စေလိုကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ထိုအလုပ်ရုံ ဆွေးနွေးပွဲမှ ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကို အကောင်အထည်ဖော်ခြင်းသည် လက်ရှိ တည်ဆောက်နေသော ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ထိခိုက်စေပြီး ပဋိပက္ခဘက်ကိုသာ တွန်းပို့စေနိုင်သောကြောင့် အတည်ပြု ပြဋ္ဌာန်းခြင်းကို ရပ်ဆိုင်းထားရန်လိုကြောင်း ထောက် ပြထားသည်။ ၎င်းပြင် ထိုဆွေးနွေးပွဲမှ ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ ထုံးတမ်းနှင့် မြေယာအခွင့်အရေးတို့ပါဝင်သော လူ့အခွင့်အရေးကို အခြေခံသည့် ပြည်သူ ဗဟိုပြု မြေပိုင်ဆိုင်မှု အာမခံပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် တောင်းဆိုထားသည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ BNI/မြန်မာ

## လူငယ်တစ်ဦးကို အရပ်ဝတ်ရဲများမှ ဖမ်းဆီး၊ ရိုက်နှက်

အရပ်ဝတ်ရဲများမှ ရိုက်နှက်ခြင်းနှင့် ပတ်သက်၍ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နိုင်ငံရေးသိပ္ပံကျောင်းသား တစ်ဦးဖြစ်သူ ကိုသန်းတိုးအောင်သည် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ဇန်နဝါရီလ ၁၈ ရက်နေ့ညတွင် သူသည် ဆူးလေမှ ဗိုလ်ချုပ်လမ်းအတိုင်း လမ်းလျှောက်ပြန် လာစဉ် လမ်း ၄၀ ဆယ်အရောက်တွင် လူခြောက်ဦး၏ ဝိုင်းဝန်း ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ထိုကဲ့သို့ ဖမ်းဆီးသည့်အတွက် ကိုသန်းတိုးအောင်သည် ကြောက်လန့်၍ Asia Plaza ဟိုတယ်အတွင်းသို့ ဝင်ရောက်ပြေးခဲ့သည်။ သူ့အား ဟိုတယ်အတွင်းထိ လိုက်လံ ဖမ်းဆီးခဲ့ပြီး ကျောက်တံတား မြို့မ ရဲစခန်းရောက်သည်အထိ ရိုက်နှက်ခေါ်ဆောင်သွားခဲ့သည်။ သူ့အား ဖမ်းဆီးသူများသည် ရဲဝတ်စုံဖြင့် မဟုတ်ဘဲ အရပ်ဝတ်ဖြင့် ဖြစ်သည့်အတွက် ကြောက်လန့်၍ ထွက်ပြေးခြင်းဖြစ်သည်ဟု ကိုသန်းတိုးအောင်မှ ပြောကြားခဲ့သည်။ ရဲစခန်းရောက်၍ အချိန်အနည်းငယ်အကြာတွင် သူ့အား မိဘများထံ ပြန်လည် အပ်နှံခဲ့သည်။ ထိုကဲ့သို့ အပ်နှံသည့်အခါ နယ်ထိန်း အောင်ဇော်ဝင်းနှင့် ယာယီစခန်းမှူး မျိုးသန့်တို့ကို ငွေကျပ် တစ်သိန်းကျပ်စီ ပေးအပ်ခဲ့ရသည်။ ထို့ပြင် ကိုသန်းတိုးအောင်သည် စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရကြောင်း သူ၏ ဖခင်မှ လက်မှတ်ရေးထိုးခဲ့ရသည်။ ထိုကဲ့သို့ ရိုက်နှက် ဖမ်းဆီး ခံခဲ့ရခြင်းနှင့် ပတ်သက်ပြီး ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကိုသန်းတိုးအောင်မှ ကျောက်တံတား ရဲစခန်းသို့ သွားရောက်၍ စခန်းမှူးနှင့် တွေ့ဆုံကာ ပြစ်မှုကျူးလွန်သူ များအား ထိုက်သင့်သည့် အရေးယူမှုများ ပြုလုပ်ရန် တိုင်တန်းခဲ့သည်။ ထိုကဲ့သို့ တိုင်တန်းပြီး တစ်ပတ်ကြာသည်အထိ အရေးယူ ဆောင်ရွက်ခြင်း မရှိသည့်အတွက် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကိုသန်းတိုးအောင်မှ သတင်းစာ ရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်၍ မီဒီယာများအား ရှင်းလင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။ ကျောက်တံတား ရဲစခန်းမှူး၊ မြို့နယ်မှူးနှင့် ရဲထိန်းများမှ ၎င်းအား မူးယစ်ဆေးမှု၊ မူးယစ်ရမ်းကားမှုများဖြင့် အမှုဆင် ထောင်ချပစ်မည်ဆိုသည့် ခြိမ်းခြောက်ပြောဆိုမှုများရှိသည်ဟု သိရှိရသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ထိုဖြစ်စဉ်နှင့် ပတ်သက်၍ အစီရင်ခံခဲ့ပြီး ရဲတပ်ဖွဲ့မှ ထိုဖြစ်စဉ်တွင် ပါဝင်ခဲ့သော ရဲတပ်ဖွဲ့ဝင်များကို စုံစမ်း စစ်ဆေးပြီး အပြစ်ရှိကြောင်း တွေ့ရှိလျှင် အရေးယူမည်ဟု ထုတ်ပြန်ခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ အီလဲဗင်း

## မြန်မာနိုင်ငံ၏ စာနယ်ဇင်းလွတ်လပ်ခွင့်မရှိဟု Freedom House ထုတ်ပြန်

၂၀၁၈ ခုနှစ်တွင် ထုန်ပြန်သည့် Freedom House အဖွဲ့၏ ထုတ်ပြန်ချက်၌ မြန်မာနိုင်ငံ၏ စာနယ်ဇင်း လွတ်လပ်ခွင့် အခြေအနေသည် လွတ်လပ်မှု မရှိဟု ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးလွတ်လပ်ခွင့်ကို အဆင့် (၅)၊ အရပ်သား (နိုင်ငံသား) လွတ်လပ်ခွင့်ကို အဆင့်(၅)ဟု freedom house မှ သတ်မှတ်ထားသည်။ အဆင့်(၁)သည် အကောင်းဆုံး အခြေအနေဖြစ်ပြီး အဆင့် (၇)သည် အဆိုးဆုံးအခြေအနေဖြစ်သည်။

ထိုအဆင့်များသည် တိုးတက်လာခြင်းမရှိဘဲ ယမန်နှစ်က အတိုင်းပင်ဖြစ်သည်။ ၂၀၁၇ ခုနှစ်ကမူ ၂၀၁၆ ခုနှစ်ထက် နိုင်ငံရေး လွတ်လပ်ခွင့်ကို အဆင့် (၆)မှ အဆင့် (၅)သို့ တိုးတက်လာသည်ဟုဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်သော သမ္မတရွေးကောက်ပွဲကျင်းပနိုင်ပြီး အစိုးရသစ်မှ

နိုင်ငံသားလွတ်လပ်ခွင့်များ တိုးတက်ရေးရည်မှန်း၍ မူဝါဒအပြောင်းအလဲများ စတင်ခဲ့သောကြောင့်ဟု ဖော်ပြခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ 7 Day Daily/မြန်မာ

**ရှမ်းပြည်နယ်အတွင်းလွတ်လပ်စွာ သတင်းရယူနိုင်ခွင့် နည်းပါးနေကြောင်း ရှမ်းပြည်နယ်ရှိ သတင်းသမားများပြောကြား**

ဇန်နဝါရီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ သတင်းစာ ကောင်စီအဖွဲ့နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့ရှိ သတင်းထောက်များသည် မဏ္ဍိုင်ကြီးလေးရပ် အကြို ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ထိုအကြို ညှိနှိုင်း ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အတွင်းမှ သတင်းသမားပေါင်း ၅၀ ကျော် တက်ရောက်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့နှင့် ပတ်သက်၍ သတင်းရယူရာတွင် တွေကြုံရသော အခက်အခဲများကို တင်ပြဆွေးနွေခဲ့ကြသည်။

ရှမ်းပြည်နယ်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ပတ်သက်ပြီး ပြည်နယ်အတွင်း လောင်းကစားပွဲများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ သတင်းသမားများ ခြိမ်းခြောက်ခံ နေရခြင်းများ၊ အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ များအကြား သတင်းရယူရာတွင် ဖြေကြားပေးမည့်သူ မရှိသည့်အတွက် အတည်ပြုရန် ခက်ခဲနေခြင်းကိစ္စများ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ဥပဒေပြုရေးမဏ္ဍိုင်တွင် ရှမ်းပြည်နယ် လွှတ်တော်၌ လွတ်လပ်စွာ သတင်းရယူနိုင်ခွင့်မရှိခြင်း၊ လွှတ်တော်တွင် သတင်းသမားများကို ဝင်ခွင့်မပြုထားခြင်း၊ လွှတ်တော်တက်ရောက်နိုင်ရန် ဝင်ခွင့်ကတ်ပြားများကို လွှတ်တော်တစ်ကြိမ် ကျင်းပတိုင်း ကတ်ပြားတစ်ကြိမ် လုပ်နေရသည့်ကိစ္စရပ်များ အပြင် သက်ဆိုင်ရာ မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသည့် အချက်များကို ဦးစားပေး ဆွေးနွေးခဲ့ကြသည်။ တရားစီရင်ရေးမဏ္ဍိုင်တွင်လည်း တရားရုံးများတွင် လွတ်လပ်စွာ သတင်းယူခွင့်နည်းပါးခြင်း၊ ဖြေကြားပေးမည့် တာဝန်ရှိသူများ နည်းပါးခြင်းနှင့် ကန့်သတ်ချက်များ လျှော့ချပေးခြင်း စသည့် အချက်များကို ဆွေးနွေးခဲ့ကြသည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ BNI

**သိမ်းဆည်းမြေ ခြောက်ဧကခန့်ကို တောင်သူများအား ပြန်ပေး**

ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေး ရှေ့တန်းစခန်းပြုလုပ်ရန် သိမ်းယူထားသည့် လယ်ယာမြေများအနက် လယ်ယာမြေဧက ခြောက်ဧကကျော်ကို ဇန်နဝါရီလ ၂၈ ရက်နေ့တွင် တောင်သူများထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မှ ပြောကြားခဲ့သည်။

၂၀၀၁ ခုနှစ်စ၍ ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကလေးမြို့နယ်၊ ထိုမာကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာအနီးတွင် တောင်သူသုံးဦးထံမှ လယ်ယာမြေ ၇ ဒသမ ၃၉ ဧကကို စိုက်ပျိုးရေး ရှေ့တန်းစခန်းပြုလုပ်ရန် သိမ်းယူခဲ့သည်။ ၂၀၁၄ ခုနှစ်မှ စတင်၍ တောင်သူများမှ ထိုလယ်ယာမြေများကို ပြန်လည်ရယူလိုသည်ဟု လျှောက်ထားခဲ့သဖြင့် သိမ်းယူထားသည့် မြေများအနက်မှ ၆ ဒသမ ၇၀၂ ဧက ကို ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဖွဲ့စည်းပြီးနောက် ကလေးမြို့နယ်အတွင်း သိမ်းယူခြင်းခံခဲ့ရသည့်မြေယာများကို ပြန်လည်ရယူလိုမှု တိုင်စာပေါင်း ၁၀၀ကျော် လက်ခံရရှိခဲ့ပြီး တိုင်စာအမှုများအနက် ၉၉ မှုကို စိစစ်ပြီးဖြစ်ကြောင်း ထိုအဖွဲ့တွင် ပါဝင်သည့် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးအောင်ဆွေက ပြောကြားခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ The Voice/မြန်မာ

**တပ်သိမ်းမြေကိစ္စ တနင်္သာရီလွှတ်တော်တွင် မေးမြန်း**

ဇန်နဝါရီလ ၃၀ ရက်နေ့တွင် တနင်္သာရီတိုင်းလွှတ်တော်၌ တနင်္သာရီမြို့နယ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်ဆွေမှ တနင်္သာရီ တိုင်းဒေသကြီးအတွင်း တပ်မတော်မှ သိမ်းယူထားသော မြေများအနက် အသုံးမပြုတော့သော မြေများကို မူလပိုင်ရှင်များထံ ပြန်လည် စွန့်လွှတ်ပေရန် စီစဉ်ထားခြင်း ရှိ၊ မရှိ မေးမြန်းခဲ့သည်။ သို့သော်လည်း တနင်္သာရီတိုင်းအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းမှ တိတိကျကျဖြေကြားခြင်း မရှိပါဟု ဦးရဲမြင့်ဆွေ မှ ပြောကြားခဲ့သည်။ တနင်္သာရီမြို့နယ်တွင် အမြောက်တပ်ရင်းမှ သိမ်းယူထားသော မြေဧက တစ်ထောင်ကျော်ရှိပြီး ထိုမြေများအနက် ၂၀၅ ဧကကို မူလပိုင်ရှင် ၂၅ ဦးအား ၂၀၁၀ ခုနှစ်တွင် ငွေကျပ် ၆၆ သိန်းကျော် ပေးအပ်ခဲ့သည်။

လျော်ကြေးမယူထားသော မော်တုန်း ကျေးရွာအုပ်စုမှ ဦးခင်မောင်စိုး အပါအဝင် တောင်သူ ၅၄ ဦးအမှုကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီထံ တင်ပြပြီး လက်ရှိတွင် ခရိုင်မြေစစ်အဖွဲ့ကို ပြန်လည်စိစစ်ရန် ချထားပေးသော်လည်း ရှစ်လကြာသည်အထိ ဆက်လက်ဆောင်ရွက်ခြင်း မရှိပါဟု ဦးရဲမြင့်ဆွေမှ ပြောကြားခဲ့သည်။
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**မန္တလေးတိုင်း ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်ရရှိရန် တောင်သူ ၅၀ ခန့်မှ တောင်းဆို**

မန္တလေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်း လယ်ယာမြေပြဿနာများဖြင့် တောင်သူများ အမှုဖွင့် တရားစွဲဆိုခံနေရမှုများ၊ ဖမ်းဆီး ထိန်းသိမ်းခံနေရမှု များအပါအဝင် မြေယာ ပြဿနာ

များနှင့် ပတ်သက်၍ ဖြေရှင်းပေးနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်ရရှိရန် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် တောင်သူ ၅၀ ခန့်မှ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့တွင် တောင်းဆို ခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့သည် ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်မရခဲ့ဘဲ မန္တလေးတိုင်း လျှပ်စစ်ဝန်ကြီး ဦးဇာနည်အောင်မှ ၎င်းတို့အား လက်ခံတွေ့ဆုံခဲ့သည်။ ဦးဇာနည်အောင်မှ ဝန်ကြီးချုပ်နှင့် တွေ့ဆုံမည့် တောင် သူစာရင်းကို အစိုးရအဖွဲ့ ထံပေးပို့ပေးမည်ဖြစ်ကြောင်းနှင့် တွေ့ခွင့်ရမည့်ရက်ကို အကြောင်းပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် နှင့် တောင်သူများ တွေ့ဆုံခွင့်ရရှိရန်အတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် တောင်သူ လယ်သမားသမဂ္ဂအဖွဲ့ ၂၀ ခန့်မှ စာတင်ပြီး တောင်းဆိုခဲ့သော်လည်း တွေ့ခွင့် မရရှိခဲ့ခြင်းကြောင့် တောင်သူများမှ ယခုတစ်ကြိမ် ထပ်မံ တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ အီလဲဗင်း/မြန်မာ

# ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ

**အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကြမ်းသည် အကြမ်းဖက်မှု တိုက်ဖျက်ရေး ကော်မရှင်ကို ပို၍ လုပ်ပိုင်ခွင့် ပေးမည်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကြမ်းသည် လုပ်ငန်းစဉ်များ ပို၍ ထိရောက်စေရန် ကူညီလိမ့် မည်ဖြစ်ပြီး လူထု တိုင်ကြားရန်အတွက် ပို၍ လွယ်ကူသော ယန္တရားများ ဖန်တီးထားသည်ဟု ထုတ်ပြန်ခဲ့သည်။ ဇန်နဝါရီလ ၂၂ ရက်နေ့နှင့် ဇန်နဝါရီလ ၂၃ ရက်နေ့ တို့တွင် ကျင်းပ ပြုလုပ်မည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းဆောင်ရွက်သော စာတမ်း ဖတ်ကြား ဆွေးနွေးပွဲ၌ တိုင်ကြားမှုရှိလာလျှင် အမှုများအား စစ်ဆေးရန် ထိုဥပဒေသည် ကော်မရှင်ကို ပို၍ လုပ်ပိုင်ခွင့် ပေးထားသည်ဟု ထုတ်ပြန်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကော်မရှင် ဖွဲ့စည်းပြီးကတည်းက ကော်မရှင်မှ တိုင်ကြားစာပေါင်း ၄၅၁၆ စောင် ရရှိ ခဲ့ပြီး ထိုတိုင်ကြားစာများအနက် ၆၃ စောင်ကို စစ်ဆေးပေးနိုင်ခဲ့သည်။

[၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ မြန်မာတိုင်း]

# အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

**ပြည်မြို့နယ်၊ ပေါင်းတည်မြို့နယ်တို့ရှိ အကျဉ်းထောင်များနှင့် ရဲအချုပ်ခန်းများကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် စစ်ဆေး**

မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဦးမြင့်ကြည်ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် ပြည်မြို့နယ်နှင့် ပေါင်းတည်မြို့နယ် တို့ရှိ အကျဉ်းထောင်များ၊ တရားရုံးများနှင့် ရဲစခန်း အချုပ်များကို လူ့အခွင့်အရေး စံချိန်၊ စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊မရှိ သိရှိနိုင်ရန် ဝင်ရောက် စစ်ဆေးခဲ့သည်။ ကော်မရှင်မှ ပြည်မြို့ရှိ အကျဉ်းထောင်နှင့် တရားရုံး၊ ရဲစခန်း အချုပ်များကို ဇန်နဝါရီလ ၁၅ ရက်နေ့မှ ဇန်နဝါရီလ ၁၇ ရက်နေ့အထိ ဝင်ရောက် စစ်ဆေးခဲ့သည်။ ထို့နောက် စစ်ဆေးမှုများအပေါ်အခြေခံ၍ ကော်မရှင်မှ အကြံပြုချက် ၃၄ ချက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ပေးပို့ခဲ့ကြောင်း ကော်မရှင်၏ ထုတ်ပြန် ချက်တွင် ဖော်ပြထားသည်။ ပြည်အကျဉ်းထောင် အတွင်း အကျဉ်းသား အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ပြဿနာ ဖြစ်ပွားပါက အခြားအခန်းရှိ အကျဉ်းသားတန်းစီးများက ဝင်ရောက်ထိုး ကြိတ်ဆုံးမကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ထုတ်ပြန်ခဲ့သည်။ ယင်းသို့ ဝင်ရောက်ထိုးကြိတ်မှု မဖြစ်ပွားစေရန် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်ပေးရန် ကော်မရှင်က ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ကြောင်း ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ ယင်းသို့ စစ်ဆေးရာတွင် ပြည်အကျဉ်းထောင် အပါအဝင် အကျဉ်းထောင် အများစု၌ အိမ်သာ မလုံလောက်ခြင်း၊ သောက်ရေ၊ ချိုးရေ အခက်အခဲရှိခြင်းစသည့် ပြဿနာများကို တွေ့ရလေ့ရှိကြောင်း ပြောကြားခဲ့သည်။

အကျဉ်းထောင်များကို ပုံမှန် စစ်ဆေးခြင်းဖြစ်ပြီး အခြားထောင်များကိုလည်း လိုအပ်ပါက နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဝင်ရောက် စစ်ဆေးလေ့ရှိကြောင်း ကော်မရှင်ထံမှ သိရှိရသည်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကျဉ်းထောင် အရေအတွက် ၅၀ နီးပါး ရှိပြီး ဝင်ရောက် စစ်ဆေးရန် အကျဉ်းထောင် ၁၃ ခုသာ ကျန်တော့ကြောင်း ကော်မရှင်ထံမှ စုံစမ်း သိရှိရသည်။
